# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၁၄၆)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးသန့်စင်အား မူဝါဒများကို လမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးသန့်စင်အား လမ်းညွှန်မှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးသန့်စင်အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌တွေ့ဆုံပြီး လိုအပ်သည့်မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉)ဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ Jasmine Ngapali Resort ဟိုတယ်၌ ကျင်းပသည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖြင့်တင်ပေးရန်နှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ✤

## မင်းဘူး(စကု)မြို့နယ်တွင် သီးနှံပျက်စီးသွားသော တောင်သူများအား ဆောလျင်စွာ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်သွားမည်

စာ » ၇





## မြေနေရာရရှိပါက မိုးညိုမြို့တွင် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်ပေးရန် ဘတ်ဂျက်တွင် ထည့်သွင်းမည်

စာ » ၈

## ချိန်ခါမဟုတ်မိုးရွာ၊ လေပြင်းတိုက်၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းများ စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ


C B BANK

ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ

Best Trade Finance Bank

2018 (Asset Triple A) (The Asian Banker)

Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

မြန်မာ့အလင်း

# လူလူချင်းစာနာစိတ်နှင့် တရားဥပဒေစိုးမိုးရေး

လူမှုအဖွဲ့အစည်းတစ်ခုအတွင်း ပါဝင်ဖွဲ့စည်းထားသူများတွင် မွေးဖွားကြီးပြင်းလာရာ ရေမြေနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ ပညာရေး အခြေခံစသည်တို့ပေါ် မူတည်၍ လောကအမြင်၊ ဘဝအမြင်၊ စိတ်နေသဘောထား၊ ယုံကြည်ကိုးကွယ်မှု၊ အယူအဆ၊ အတွေးအခေါ် စသည်တို့ မတူညီကြ။ ဆုံးဖြတ်ဆောင်ရွက်ပုံ မတူခြားနား ကွဲပြားကြ။

ထို မတူကွဲပြားမှုများကြားမှာပင် လူတို့ အဆင်ပြေသင့်မြတ်အောင်နေကြရ၏။ မိမိရှေ့က စိုက်ပျိုးထားခဲ့ကြသည့် လောကအသီးအပွင့်များကို စားသုံးခံစားကြ၏။ ပြီးတော့ အနာဂတ်လောက ပိုမိုကောင်းမွန်ရေး အကျိုးငှာ မိမိတတ်နိုင်သလောက် ပြန်လည်စိုက်ပျိုး ရေလောင်းပေါင်းသင်ကြ၏။ မိမိကိုယ်တိုင်နှင့်တကွ မိမိ၏ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ငြိမ်းချမ်းသာယာရေးကို ဝိုင်းဝန်းတည်ဆောက်ကြ၏။ ငြိမ်းချမ်းသာယာရေးဟုဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများသက်သက်ပေါ်တွင်သာမက စိတ်ပိုင်းဆိုင်ရာ အေးချမ်းလုံခြုံခြင်းတို့ပါ ပါဝင်၏။

အရှင်းဆုံးဆိုရလျှင် လူသားတို့၏ ရုပ်ပိုင်းစိတ်ပိုင်း လုံခြုံအေးချမ်းသာယာရေးက လူတိုင်းအတွက် အရေးကြီးဆုံးဟု ဆိုရပါမည်။ ထိုသို့သော အေးချမ်းသာယာမှုက ယေဘုယျအားဖြင့် လူတိုင်းလိုချင်ကြသည်ဟု ဆိုရသော်လည်း ယနေ့ မြန်မာနိုင်ငံအတွင်း၌ အချို့သော ကြမ်းတမ်းခက်ထန်မှုများ၊ အကြမ်းဖက်ရုန့်ရင်းမှုများက ပြည်သူတို့၏ အေးချမ်းသာယာရေးကို ထိပါးလာနေပြီ။

ပြောဆိုညှိနှိုင်းမရရုံမျှဖြင့် လူတစ်ဦးက အခြားသူတစ်ဦးကို နာနာကျင်ကျင် ထိထိခိုက်ခိုက်လုပ်ရာမှ ဒေါသက အနိုင်ရပြီး အသက်ဆုံးရှုံးရသည်အထိ လူမြင်ကွင်းမှာ ရက်ရက်စက်စက် ရိုက်နှက်ကြသည့် မြင်ကွင်းများ၊ အမြင်ချင်း၊ သဘောထားချင်းမတူသည်ကို အကြောင်းပြု၍ လူစုလူဝေးကြားမှာပင် လက်နက်ဖြင့် သတ်ဖြတ်မှုသတင်းများက လူလူချင်းစာနာစိတ်၊ မေတ္တာစိတ် အလွန့်အလွန်ခေါင်းပါးနေခြင်းကို လည်းကောင်း၊ ဥပဒေစိုးမိုးမှု လွန်စွာလိုအပ်နေသည်ဆိုခြင်းကိုလည်းကောင်း ဖော်ပြနေသည့် ထင်ရှားသောသာဓကများ ဖြစ်ပါသည်။

မိမိနှင့် အယူအဆမတူသော အဆိုအမိန့်တစ်ခုကို ကြားလိုက်သည့်အခါ သို့မဟုတ် သဘောထားချင်းမတိုက်ဆိုင်သော စာတစ်ပုဒ်ကို ဖတ်လိုက်ရသည့်အခါ ငါ မှ ငါ၊ ငါ့ အယူအဆမှ ငါ့ အယူအဆ၊ ငါ့ ထင်မြင်ချက်ကသာ အမှန်တရားဟူသည့် သဘောထားဖြင့် မကြားဝံ့မနာသာ ဖြစ်လွန်းစရာသော ရုန့်ရင်းကြမ်းတမ်းလှသည့် ဆဲဆိုသံများ၊ တစ်ဖက်သားကို နှိမ့်ချလွန်းသည့် အလွန်ရိုင်းပျလှသော တုံ့ပြန်ရေးသားမှုများက သဘောထားကြီးမြင့်မှု၊ လူကြီးလူကောင်းစိတ်ဓာတ် ဆိုသည်တို့နှင့် အလှမ်းဝေးနေသည်ကို ထင်ဟပ်နေသည့် နမူနာများဖြစ်ပါသည်။

ပင်ကိုအားဖြင့် မြန်မာလူမျိုးတို့၏ အခြေခံစိတ်သဘောထားမှာ လွန်စွာနူးညံ့သည်၊ ချိုသာဖော်ရွေသည်ဟု နားလည်ခဲ့ကြ၊ သဘောပေါက်ခဲ့ကြသော နိုင်ငံခြားသားတို့သည်ပင် အံ့အားသင့်စွာ ဝေဖန်လာကြသည်ကို တွေ့မြင်ဖတ်ရှုနေရပါသည်။

ပြည်သူအများစု လိုချင်သော ငြိမ်းချမ်းတည်ငြိမ်သည့် လူမှုအဖွဲ့အစည်းတစ်ခု ထူထောင်နိုင်ရေးဟူသည်ကား လူသားချင်းစာနာစိတ် အပြန်အလှန်ထားနိုင်မှု၊ မေတ္တာစိတ်ပွားများနိုင်ကြမှုနှင့် နိုင်ငံအတွင်း ဥပဒေစိုးမိုးမှု မည်မျှလောက်ရှိသည် ဆိုခြင်းပေါ် မူတည်ပါ၏။

လူလူချင်း မေတ္တာစိတ်ပွားများခြင်းဟူသည်က မိမိကိုယ်တိုင်၏ ကိုယ်ကျင့်သီလနှင့် သိက္ခာကို စောင့်ထိန်းမှုအပေါ်အခြေခံပြီး တရားဥပဒေစိုးမိုးမှုဆိုသည်ကား ဥပဒေဘက်သား ဝန်ထမ်းများအပါအဝင် တာဝန်ရှိသူအားလုံး၏ အဓိကတာဝန်ဖြစ်သကဲ့သို့ ဥပဒေကို လိုက်နာစောင့်ထိန်းအပ်သော နိုင်ငံသားအားလုံး၏ သိရှိနားလည်မှုနှင့်လည်း ဆက်စပ်ပတ်သက်နေသည်ဟု ထင်မြင်ယူဆပါကြောင်း။ ။

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/၉လ**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ဂျပန်ပညာရှင်များ ပါဝင်သောအဖွဲ့ အခမဲ့ ခွဲစိတ်ကုသပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံ Kyushu တက္ကသိုလ်၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ Takeshi Mitsuyasu ဦးဆောင်သောအဖွဲ့သည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ နှုတ်ခမ်းကွဲလူနာ ကိုးဦး၊ အာခေါင်ကွဲ လူနာ ၁၄ ဦး၊ နှာခေါင်းခွဲစိတ်ပြုပြင်လူနာ နှစ်ဦးနှင့် သွားဖုံးအရိုး အစားထိုးလူနာ သုံးဦး စုစုပေါင်း ၂၈ ဦးတို့ကို အခမဲ့ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခ ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယ-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စတုတ္ထအကြိမ် အိန္ဒိယ-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**




ပြည်ထောင်စုဝန်ကြီးက အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား ခိုင်မာသော လူမှု-စီးပွားဆိုင်ရာ ပေါင်းစည်းဆက်သွယ်ဆောင်ရွက်မှုသည် ကာလရှည်ကြာ တည်ရှိခဲ့ပြီး ဖြစ်သည့်အတိုင်း အနာဂတ်တွင်လည်း ဆက်လက်ရှင်သန်ခိုင်မာစေရေး ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ မိတ်ဖက်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများနှင့် အခြားကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းလက်တွဲ၍ ညှိနှိုင်းဖြေရှင်းသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Pan Sorasak၊ အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Enggartiasto Lukita၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် လေကြောင်းပျံသန်းရေးဝန်ကြီး H.E. Shri Suresh Prabhu၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Acting Minister H.E. Ms. Chutima Bunyapraphasara၊ စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Mr. Lee Chuan Teck၊ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အထွေထွေအတွင်းရေးမှူး Dato’ Lokman Hakim bin Ali နှင့် အာဆီယံ အထွေထွေအတွင်းရေးမှူး H.E. Dato Paduka Lim Jock Hoi တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ဝယ်ယူသူများ၊ စီးပွားရေး ကိုယ်စားလှယ်များနှင့် ပြပွဲပါဝင်ပြသသူပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းအချင်းချင်းတွေ့ဆုံဆွေးနွေးမှုနှင့် အစိုးရအချင်းချင်းတွေ့ဆုံဆွေးနွေးမှုများအပြင် အပြည်ပြည်ဆိုင်ရာကွန်ဖရင့်နှင့် အလုပ်ရုံဆွေးနွေးပွဲများကိုပါ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ-ထိုင်း နှစ်နိုင်ငံ ရဲချုပ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံတော်ဝင်အမျိုးသားရဲအဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Pol.Gen. Chakthip Chaijinda ဦးဆောင်သော အဆင့်မြင့်ရဲအရာရှိကြီးများအဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်နိမိတ်အကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တိုက်ဖျက်ရေး၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှုများနှင့် တရားမဝင် ဝင်/ထွက် သွားလာမှုများအား အဆင့်မြှင့်တင်ထိန်းချုပ်ရေး၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ခြင်းကို အလေးထားဆောင်ရွက်ရေး၊ နှစ်နိုင်ငံ သတင်းဖလှယ်မှုများမှတစ်ဆင့် တစ်ဖက်နှင့်တစ်ဖက် ဖမ်းဆီးပေးရန် တောင်းဆိုသည့် တရားခံပြေးများကို အလေးထားဖမ်းဆီးပေးနိုင်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့က ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။




ဆွေးနွေးပွဲအပြီးတွင် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ (ဓါပုံ)

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ပြပွဲ မတ်လလယ်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၉ ခုနှစ် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ပြပွဲ (The Chin State Investment and Products Fair) ကို မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ Myanmar Convention Centre ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲကို ချင်းပြည်နယ်ဒေသထွက်ကုန်များ၏ ဈေးကွက်ဖော်ဆောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမြှင့်တင်ရေး ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲများကို မတ် ၁၆ ရက်၊ ကုန်စည်ပြပွဲကို မတ် ၁၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် ပြည်တွင်း ပြည်ပမှ စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများနှင့် တက်ရောက်လိုသူများအနေဖြင့် https://www.chinstatefair2019.com/ တွင် မတ် ၁၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန့်စင်ဝင်း-MNA**

# တည်ငြိမ်ရေးနှင့် သာယာဝပြောရေး တည်တံ့စေရန် တိုးတက်မှုတွေရရှိဖို့လိုအပ်

## ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်း

(၂၂-၂-၂၀၁၉)

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ကြွရောက်လာတဲ့ ဧည့်သည်တော်များကို ဝမ်းမြောက်စွာကြိုဆိုပါတယ်။ ရခိုင်ပြည်နယ်ရဲ့ သဘာဝအလှတရားများကို အခြေပြုပြီး ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးမယ့် အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးမှပုဂ္ဂိုလ်များ အတူတကွဆောင်ရွက်မှာဖြစ်တဲ့ အတွက် အခွင့်အလမ်းများကို ယနေ့ အခမ်းအနားမှ ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ Japan International Cooperation Agency (JICA) နှင့် Japan External Trade Organization (JETRO) တို့ကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောကြားလိုပါတယ်။

### ဆက်ဆံရေး ပိုမိုခိုင်မာလာစေမှာဖြစ်

ယနေ့ကျင်းပတဲ့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲဟာ ပထမဦးဆုံးအကြိမ် ကျင်းပတာဖြစ်ပြီး နောက်ဆုံးမဟုတ်တာ အသေအချာပဲဖြစ်ပါတယ်။ နောင်တွင်လည်း နှစ်စဉ်ကျင်းပသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ခိုင်မာတဲ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးရှိတဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အများအပြားကို မြင်တွေ့ရတဲ့အတွက် အထူးပင် ကျေနပ်ပီတိဖြစ်မိပါတယ်။ ယနေ့ပွဲမှသည် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို ခိုင်မာစေရုံသာမက ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေပြီး ကဏ္ဍပေါင်းစုံမှ လူပုဂ္ဂိုလ် အချင်းချင်း ဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်ဆံရေးကိုပါ ပိုမိုခိုင်မာ လာစေမှာ ဖြစ်ပါတယ်။

### ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

ကျွန်မတို့ရဲ့ စီးပွားရေးတံခါးကို နိုင်ငံတကာမှ ဝင်ရောက်နိုင်အောင် ဖွင့်လှစ်ခဲ့ ပါတယ်။ ထို့အပြင် မူဝါဒများ၊ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း နိုင်ငံတကာ အလေ့အထများနှင့်အညီဖြစ်စေရန် စဉ်ဆက်မပြတ် ညှိနှိုင်းလျက်ရှိတဲ့အပြင် ပိုမိုကောင်းမွန်သော၊ ခန့်မှန်းရလွယ်သော၊ လွယ်ကူချောမွေ့သော၊ ဖော်ရွေသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖြစ်လာစေရေးကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ တိုတိုပြောရရင် အားလုံးကိုကြိုဆိုတဲ့ စီးပွားရေးဝန်းကျင်ကို ကျွန်မတို့ ဖော်ဆောင် လိုခြင်းပဲဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ကုမ္ပဏီဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ နိုင်ငံခြားဘဏ်များ၏ ဆောင်ရွက်ခွင့်ပြုသည့်လုပ်ငန်းများကို တိုးချဲ့ပေးခြင်း၊ ပညာရေးကဏ္ဍကို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်အောင် ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အစိုးရအသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်း၊ အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် တည်ထောင်ဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများအတွက် နိုင်ငံခြားငွေအမျိုးအစားများ တိုးချဲ့ပေးချေခွင့်ပြုခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် တိကျသော အစီအမံများချမှတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ယင်းပြုပြင်ပြောင်းလဲရေးများသည် ခိုင်မာသော ချည်မျှင်စများဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အဆိုပါချည်မျှင်စများဖြင့် ရက်လုပ်ထားခြင်းပဲ ဖြစ်ပါတယ်။ ယင်းစီမံကိန်းသည် ကမ္ဘာ့ရည်မှန်းချက်ဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ထားသည့် စီမံကိန်းတစ်ရပ်ပင် ဖြစ်ပါတယ်။

### သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိခဲ့

စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများရဲ့ရလဒ်အနေဖြင့် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ပါတယ်။ တိုးတက်မှုဟုဆိုရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟုခန့်မှန်းထားပြီး ကဏ္ဍအားလုံး တစ်ပြေးညီတိုးတက်ရန်နှင့် စွမ်းအင်ကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် အများဆုံး တိုးတက်ရန် ခန့်မှန်းထားပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံဟာ စီးပွားရေးအခွင့်အလမ်းများ ပိုမိုပွင့်လင်းလာမှုရဲ့ အကျိုးကျေးဇူးများကို ခံစားနေရတဲ့အချိန်မှာ ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးအလား အလာတွေကိုတော့ ပြည့်ပြည့်ဝဝ ထုတ်ဖော်အသုံးမချနိုင်သေးပါဘူး။ နိုင်ငံတကာ အသိုက်အဝန်းရဲ့ အာရုံစိုက်မှုက ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်း ပေးနိုင်တဲ့ ရခိုင်ပြည်နယ်အတွင်း များပြားစွာတည်ရှိနေတဲ့ အလားအလာကောင်း များထက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်ပွားတဲ့ တင်းမာမှုများကိုသာ အမြင် ကျဉ်းမြောင်းစွာ အာရုံထားနေခဲ့တာ ကာလရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။

ဒီကြီးလေးတဲ့ စိန်ခေါ်မှုများရှိနေတာကို လက်ခံပြီး ရင်ဆိုင်ကျော်လွှားသွားရန် လိုအပ်ပါ တယ်။ ကျွန်မတို့ အစိုးရတာဝန်ယူစဉ်မှစတင်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လိုအပ်ချက်တွေကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံး ရေရှည်ငြိမ်းချမ်းရေးနှင့် သဟဇာတ ရှိစေရေးအတွက်ဟူသော ရည်မှန်းချက်ဖြင့် လုံခြုံရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုလိုအပ်ချက်များကို ပြည့်မီစေရန် ကွယ်လွန်သွားပြီဖြစ်တဲ့ ဒေါက်တာ ကိုဖီအာနန် ခေါင်းဆောင်တဲ့ ကော်မတီရဲ့အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ကျွန်မတို့ အစွမ်းကုန်အားထုတ် ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးအခြေအနေများကို တင်ပြလိုပါတယ်။ တည်ငြိမ်ရေးနှင့် သာယာဝပြောရေး တည်တံ့စေရန် တိုးတက်မှုတွေရရှိဖို့ လိုအပ်ပါတယ်။ ယခုပြပွဲသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်အသီးသီးကလည်း ရခိုင်ပြည်နယ်ရဲ့ ရေရှည်ဖွံ့ဖြိုး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**“ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲက ရှာဖွေဖော်ထုတ်ခြင်းမပြုလုပ်ရသေးတဲ့ အခွင့်အလမ်းများ အပြည့်ရှိနေတဲ့ ရခိုင်ပြည်နယ်ကို ဖော်ထုတ်ပြသပေးသွားမှာ ဖြစ်ပါတယ်”**

တိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ခိုင်မာတဲ့အုတ်မြစ်ချပေးတဲ့ အခန်းကဏ္ဍက ပါဝင်နိုင်ကြမှာဖြစ်ပါတယ်။

### ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုလျက်ရှိ

တာဝန်ယူမှုရှိပြီး ကောင်းမွန်စွာအကောင်အထည်ဖော် ဆောင်ရွက်မယ့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကနိုင်ငံ၏ စီးပွားရေးအနာဂတ် အလားအလာ ဖော်ဆောင်ရာတွင် ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီ တွန်းတင်ရန် အတွက် အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါ့ကြောင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲက ရှာဖွေဖော်ထုတ်ခြင်းမပြုလုပ်ရသေးတဲ့ အခွင့်အလမ်းများ အပြည့်ရှိနေတဲ့ ရခိုင်ပြည်နယ်ကို ဖော်ထုတ်ပြသပေးသွားမှာ ဖြစ်ပါတယ်။ ခင်မင်ရင်းနှီးဖော်ရွေပြီး ၎င်းတို့ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်အားထက်သန် နေတဲ့ ပြည်သူများက ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုလျက်ရှိပါတယ်။ အစိုးရအဖွဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနဲ့ ပုဂ္ဂလိကကဏ္ဍမှ အသုံးပြုလိုက်တဲ့ငွေကြေးတိုင်းဟာ ရခိုင်ပြည်နယ်နဲ့ ရခိုင်ပြည်သူပြည်သားအတွက် ပြန်လည်ထူထောင်ရေးကို အထောက် အကူဖြစ်စေပါတယ်။

ပြီးခဲ့တဲ့လက နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပြီး ကိုယ်စားလှယ် ၁၆၀၀ ဦးခန့် တက်ရောက်ခဲ့တဲ့ Invest Myanmar Summit 2019 မှာ လမ်း၊ လေဆိပ်၊ တည်ဆောက်ရေး စီမံကိန်းများမှ စက်မှုဇုန်များနှင့် မြို့သစ်များ တည်ဆောက်ရေး စီမံကိန်းများအထိပါဝင်တဲ့ ရခိုင်ပြည်နယ်မှာ အကောင်အထည်ဖော် ဆောင်ရွက်မယ့် စီမံကိန်းအသစ်တွေကို မျှဝေခဲ့ပါတယ်။ အဆိုပါစီမံကိန်းများသည် စီမံကိန်းဘဏ်တွင် ပါဝင်ပြီး ယင်းစီမံကိန်းများစတင်သည့်အခါ တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

### အပြန်အလှန်အကျိုးရှိစေမှာဖြစ်

အကောင်းဆုံးသော အလေ့အထစနစ်များနှင့်အညီ စွမ်းဆောင်ရည်ပြည့်ဝစွာ စီမံခန့်ခွဲထားသော အထူးစီးပွားရေးဇုန်များသည် ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူများ အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုနဲ့ မျှော်လင့်ချက်အသစ်များ ဖြစ်ပေါ်စေမှုတို့အတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်ပြီး အချိန်တိုအတွင်း စက်မှုလုပ်ငန်းများစွာကို ဖန်တီးပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ဒေသရှိလုပ်ငန်းများနဲ့ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် ရင်းနှီးမြှုပ်နှံမှုကွင်းဆက်များကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် သို့လာရောက်ပြီး စီးပွားရေးလုပ်ငန်း ဆောင်ရွက်ကြတဲ့ ကုမ္ပဏီများအတွက် ကုန်ကျ စရိတ်များ လျော့ကျစေခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနဲ့ နာမည် ကောင်းများ ဖန်တီးပေးပြီး ရင်းနှီးမြှုပ်နှံသူများနဲ့ ဒေသခံများကို အပြန်အလှန်အကျိုး ရှိစေမှာ ဖြစ်ပါတယ်။

အရေးအကြီးဆုံးကတော့ ရရှိလာတဲ့ အကျိုးအမြတ်တွေကို ပြည်သူများအားလုံး သာတူညီမျှ ခွဲဝေခံစားနိုင်ရေးပဲ ဖြစ်ပါတယ်။ ကျွန်မ အစဉ်တစိုက် ဦးစားပေး ပြောကြားခဲ့သလို အချုပ်အခြာအာဏာနှင့်တကွ အထူးအားဖြင့် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအနေဖြင့် စည်းလုံးညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို ဖော်ဆောင်ပေးရင်းအထူးအားဖြင့် မတူကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ ကျွန်မတို့နိုင်ငံကဲ့သို့သော ပြည်ထောင်စုမှာ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိ ပါတယ်။ တစ်ဦးအတွက် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ခြင်းဟာ အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးနိုင် စေရမှာ ဖြစ်ပါတယ်။ တာဝန်ယူမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းအခြေပြု ထားသည့် စိတ်ရင်းကောင်း၊ မှန်ကန်သော အသိ၊ ကျွမ်းကျင်မှုနှင့် စက်မှုဆိုင်ရာ တီထွင်ဖန်တီးမှုများကို ပေါင်းစပ်ပြီးဆောင်ရွက်ဖို့ အားလုံးမှာတာဝန်ရှိပါတယ်။

ကျွန်မတို့ရဲ့ပြည်တွင်း၊ ပြည်ပက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်တွေ တီထွင်သူများရဲ့ “စွမ်းဆောင်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်”နဲ့ အစွမ်းကုန်အားထုတ် ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒတို့ဖြင့် ချက်ချင်းအကောင်အထည် ဖော်နိုင်ခြင်းနှင့် လက်တွေ့ကျကျ စွမ်းဆောင်မှုများဖြင့် ပေါင်းစည်းမှုစွမ်းအားကို ယူဆောင်ပေးလာမှာဖြစ်ပါတယ်။ သူတို့ရဲ့စွမ်းအားများနဲ့ စိတ်အားထက်သန်မှုတွေ သူတို့ရဲ့တီထွင်ဖန်တီးနိုင်မှုတွေက အခြားသူများ အလွယ်တကူ သတိမမူမိနိုင်သော အရာတွေကို ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို လက်တွေ့ကျကျ ဆောင်ရွက် နိုင်ခြင်းကို ရခိုင်ပြည်သူတွေအတွက် လိုအပ်နေပါတယ်။

### ပြောင်းလဲရန် အချိန်အခါသင့်ပြီဖြစ်

အလားအလာကောင်းရှိတဲ့ အခြားလုပ်ငန်းတစ်ခုကတော့ ခရီးသွားလုပ်ငန်း ဖြစ်ပါတယ်။ ငွေမြနယ်နှင့် မာန်အောင်ကျွန်းမှာရှိတဲ့ မပျက်စီးသေးဘဲ သဘာဝအတိုင်း တည်ရှိနေတဲ့ ကမ်းခြေများကလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်း အခြေပြုနေရာ တွေအဖြစ် ပြောင်းလဲရန် အချိန်အခါသင့်ပြီဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များ ထုတ်ဖော်ရာတွင်လည်း မြောက်ဦးဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဒေသတစ်ခုအဖြစ် အမည်စာရင်းသတ်မှတ်ခံရရန် ဆောင်ရွက်လျက် ရှိပါတယ်။ မြောက်ဦးဒေသဟာ လူသိနည်းပြီး ရှေးရခိုင်မင်းများ၏ ရင်သပ်ရှုမောဖွယ်ရာ အလှတရားများဖြင့် ခမ်းနားသော ဗိသုကာလက်ရာများဖြင့် အသေးစိတ် ထုံမွမ်းထား သော ကမ္ဘာတွင် ဖော်ထုတ်ရန်ကျန်နေသေးသည့် ဘာသာရေးဆိုင်ရာဒေသကြီး တစ်ခု ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းအားဖြင့် ရခိုင်မင်းများ၏ ကြွယ်ဝလှသော ယဉ်ကျေးမှုနှင့် အနုသုခုမဆိုင်ရာ ထွန်းကားခဲ့ညားထည်ဝါမှုပြယုဂ်ကို ပြင်ပကမ္ဘာမှ ပိုမိုသိရှိနားလည်နိုင်မှာ ဖြစ်ပါတယ်။

အိမ်ခြံမြေလုပ်ငန်း၊ အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ အဝတ်အထည်နှင့် အထည်အလိပ်ထုတ်လုပ်သည့်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ရေလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာကောင်းများ ဖော်ဆောင်ပေးနိုင်သော ကဏ္ဍများမှာ ပါဝင်ပါတယ်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများမှာလည်း ရခိုင်ပြည်နယ်ရဲ့ အလားအလာ ကောင်းမွန်တဲ့ ပိုင်ဆိုင်မှုတစ်ခုဖြစ်ပါတယ်။ ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များမှ စီးပွားဖြစ် စတင်ထုတ်လုပ်မှုများအား လာမည့်နှစ်များတွင် စတင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါတယ်။ အဆိုပါအရင်းအမြစ်များမှ အချို့အပိုင်းကိုအသုံးချပြီး ရခိုင် ပြည်နယ်အတွက် လျှပ်စစ်မီးပိုမိုရရှိရေး ထောက်ပံ့ပေးနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်းထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပ တင်ပို့နိုင်သည့် လုပ်ငန်းများပေါ်ထွန်းလာရေးတွင်လည်း အထောက်အကူ ပြုမှာဖြစ်ပါတယ်။ အလားအလာကောင်းများဟာ များပြားပြီး ထပ်မံ၍လည်း တိုးပွားလာနိုင်ခြေရှိပါတယ်။

### အလှတရားများအား ဆက်လက်ထိန်းသိမ်း

ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရင်း တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုများကြောင့် ထိခိုက်ပျက်စီးလွယ်သည့် သဘာဝပတ်ဝန်းကျင်ကို ထပ်မံ၍ ထိခိုက်စေခြင်းမဖြစ်စေရန် ကျွန်မတို့အနေဖြင့် ကောင်းစွာကိုင်တွယ်တတ်ဖို့လိုပါတယ်။ ကျွန်မအစောပိုင်းတွင် ပြောကြားခဲ့သည့်အတိုင်း ရေလုပ်ငန်းဟာ ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ ကိုက်ညီမှုရှိသော လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့အဖိုးတန်ဒီရေ တောနှင့် သဘာဝအရင်းအမြစ်များကို ဆုံးရှုံးလျော့ပါးစေနိုင်သည့် တရားမဝင် စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများ အတားအဆီးမရှိ တိုးပွားလာနေမှုကို ရှောင်ကြဉ်နိုင် လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အားလုံးမှလည်း သဘာဝအလှများနှင့် ငပလီရဲ့ တည်ငြိမ်အေးချမ်းသော အလှတရားများအား ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ ကိုလည်း မျှော်လင့်နေမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါ့ကြောင့် သယံဇာတ ကြွယ်ဝမှုနှင့် ပြည်သူများ၏ ဘဝအဆင့်မြင့်မားမှု၏ အခြေခံဖြစ်သည့် ဂေဟစနစ်ကို ကာကွယ်နိုင်တဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို ရှာဖွေနိုင်ဖို့ မျှော်လင့်မိပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဝန်းကျင်တွင် အချိန်နောက်ကျရောက်လာသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် အကြံတူ နောက်လူသာစမြဲ ဆိုသည့်အတိုင်း ရခိုင်ပြည်နယ်သည် ထိုအကျိုးကျေးဇူးကိုခံစားရန် အဆင်သင့်ဖြစ်နေပြီး အခြားသူများ၏ အတွေ့အကြုံ များ၊ အမှားအယွင်းများကို လေ့လာနိုင်ပြီး အခွင့်အလမ်းသစ်များနှင့် နယ်ပယ်သစ် များအား ဖွင့်လှစ်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်အပ်ပါတယ်။ ရခိုင်ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးကို ဖော်ဆောင်ပေးပြီး ရခိုင်ပြည်နယ်၏ မပျက်မစီးတည်ရှိနေသေးသော သဘာဝပတ်ဝန်းကျင်ကို လေးစား သော တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများအား မိမိတို့အစိုးရအနေဖြင့် ကောင်းချီးပေးကာ ပံ့ပိုးထောက်ပံ့မှုပေးသွားမှာ ဖြစ်ပါတယ်။

မိမိအနေဖြင့် ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင် ပြည်နယ်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ခေတ်ဆန်းသစ်စေမည်သာမက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထင်ကရမှတ်ကျောက်တစ်ခု တင်နိုင်မည် ဟူ၍ မျှော်လင့်မိပါတယ်။ ကျေးဇူးတင်ပါတယ်။

✤ *ရှေ့ဖုံးမှ*

ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှု အဖွဲ့အစည်း (JETRO) နှင့် Myanmar Survey Research Co., Ltd.(MSR)နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးသောင်းထွန်းနှင့် ဦးအုန်းမောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဂျပန်ပြည်ပကုန်သွယ်မှု အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**အခွင့်အလမ်းများ အပြည့်ရှိနေ**

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာ၌ တာဝန်ယူမှုရှိပြီး ကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများက နိုင်ငံ၏ စီးပွားရေး အနာဂတ်အလားအလာဖော်ဆောင်ရာတွင် ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီ တွန်းတင်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲက ရှာဖွေဖော်ထုတ်ခြင်း မပြုလုပ်ရသေးသော အခွင့်အလမ်းများ အပြည့်ရှိနေသည့် ရခိုင်ပြည်နယ်ကို ဖော်ထုတ်ပြသပေးသွားမည်ဖြစ်ပါကြောင်း၊ ခင်မင်ရင်းနှီးဖော်ရွေပြီး ၎င်းတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်အားထက်သန်နေသည့် ပြည်သူများက ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုလျက်ရှိပါကြောင်း၊ အစိုးရအဖွဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍမှ အသုံးပြုလိုက်သည့် ငွေကြေးတိုင်းသည် ရခိုင်ပြည်နယ်၏ ရခိုင်ပြည်သူ ပြည်သားများအတွက် ပြန်လည်ထူထောင်ရေးကို အထောက်အကူဖြစ်စေပါကြောင်း။

**စီမံကိန်းအသစ်များကို မျှဝေခဲ့**

ပြီးခဲ့သည့်လက နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး ကိုယ်စားလှယ် ၁၆၀၀ ခန့် တက်ရောက်ခဲ့သည့် Invest Myanmar Summit 2019 တွင် လမ်း၊ လေဆိပ်၊ တည်ဆောက်ရေးစီမံကိန်းများမှ စက်မှုဇုန်များနှင့် မြို့သစ်များ တည်ဆောက်ရေး စီမံကိန်းများအထိ ပါဝင်သော ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအသစ် များကို မျှဝေခဲ့ပါကြောင်း၊ အဆိုပါ စီမံကိန်းများသည် စီမံကိန်းဘဏ်တွင် ပါဝင်ပြီး ယင်းစီမံကိန်းများ စတင်သည့်အခါ တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းအား စာမျက်နှာ ၃ တွင် သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖွင့်ပွဲအထိမ်းအမှတ် ပန်းချီကားနှင့် ပန်းစည်းတို့ကို ပေးအပ်သည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာပြခန်းများ၊ ရခိုင်တိုင်းရင်းသားရိုးရာ အထည်ရက်လုပ်မှုပြခန်းနှင့် ရိုးရာယဉ်ကျေးမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

**အထောက်အပံ့တစ်ခုဖြစ်**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ပြည်နယ်အတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေကို မြှင့်တင်ပေးနိုင်မည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေနိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်သို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခုဖြစ်သည်။

**သတင်းစဉ်**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

**❑ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများက နိုင်ငံ၏ စီးပွားရေး အနာဂတ်အလားအလာ ဖော်ဆောင်ရာတွင် ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီ တွန်းတင်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေ**

**❑ အစိုးရအဖွဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍမှ အသုံးပြုလိုက်သည့် ငွေကြေးတိုင်းသည် ရခိုင်ပြည်နယ်၏ ရခိုင်ပြည်သူ ပြည်သားများအတွက် ပြန်လည်ထူထောင်ရေးကို အထောက်အကူဖြစ်စေ**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

ပဲခူး ဖေဖော်ဝါရီ ၂၂

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

တွေ့ဆုံပွဲတွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲရလဒ်နှင့် ပြည်သူ့ဆန္ဒ တစ်ထပ်တည်းကျရန် စံ(၅)ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့်




စံ(၅)ချက်ပြည့်စုံသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် လုပ်ငန်းလမ်းညွှန်များကို ကျေညက်စွာနားလည်ရန် လိုအပ်ကြောင်း။

**ဘက်လိုက်မှုမရှိ ပြေလည်အောင်ဆောင်ရွက်**

သို့မှသာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲ အငြင်းပွားမှုများ နည်းပါးမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပမည့်ရက်တွင် တာဝန်ခံဆောင်ရွက်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကလည်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို သိရှိနားလည်ပြီး အမှားအယွင်းမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီတွင် ပါဝင်သည့်ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးလှုံ့ဆော်ရေးကာလတွင် ကြုံတွေ့ရသည့် ပြဿနာများကို တရားမျှတစွာ ဘက်လိုက်မှုမရှိဘဲ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ကိုယ်စွမ်း၊ ဉာဏ်စွမ်းအပြည့် ကြိုးစား ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းပိုင်းကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားနေရန်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းအပြည့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ဟိန်းထက်(ပဲခူး)**

---

❍ ကျောဖုံးမှ

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း၊ နယ်စပ်ဒေသကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ (ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ (၅)ရပ်ဖွဲ့စည်း**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ၂၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီ ( ၅ )ရပ် ဖွဲ့စည်းကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသည် (၂၄)ကြိမ်မြောက်ဖြစ်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် (၂၃) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲ အကြံပြုတင်ပြချက် အားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်များထံသို့



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းပြောကြားစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းပြောကြားစဉ်။



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။

အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲ အကြံပြုတင်ပြချက်များအပေါ် ချက်ချင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းရှင်များအသင်းချုပ်က ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် အမျိုးအမည် ဖော်ပြချက်တွင် **"နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့် အမျိုးမျိုး"** ဟုဖော်ပြထားသဖြင့် ဒိန်ချဉ်မပါဘဲ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်နေရခြင်းတို့ကြောင့် ဒိန်ချဉ်အပါအဝင် အခြားနို့ထွက်ပစ္စည်းများ အကျုံးဝင်စေရန်အတွက် **"နို့နှင့် နို့ထွက်ပစ္စည်းများ"** ဟု ပြင်ဆင်သတ်မှတ် ထုတ်ပြန်ပေးပါရန် တင်ပြခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေထုတ်ပြန်သည့် အခါတွင် **"နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး "** အစား **"နို့နှင့် နို့ထွက်ပစ္စည်းများ "** ဟု ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်းကို ပြန်လည်တင်ပြခဲ့ပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များ တင်ပြသည့် အခက်အခဲ အကြံပြုချက်အချို့သည် အချိန်ယူ၍ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းကော်မတီ (၅)ရပ်က တာဝန်ရှိသူများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေး**

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့် နေရာတွင် နှစ်စဉ်ကုန်သွယ်မှု ပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် **အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃ ဘီလီယံကျော်** ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၈ ရက်အထိ (၄)လကျော် ကာလအတွင်း ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် **အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၂ ဘီလီယံ**အထိ ရရှိခဲ့ကြောင်း၊ ယခုကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလထက် **အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၁၆ ဘီလီယံ** ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ကုန်သွယ်မှုပမာဏတွင် Trade Balance ဖြစ်စေရန်အတွက် ပို့ကုန်များကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရမည့်အပြင် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများရေရှည်ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၉)ခုတွင် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီအထိ (၅)လအတွင်း ၃၀၆ ကြိမ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်ဝင်ရောက်စေရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများအနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းက ဟောင်ကောင်၊ မကာအို၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများသို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဆွေးနွေးဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်မှာ "အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပြီး လူမှုစီးပွားဘဝများ မြင့်မားလာစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်" ဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲမှုများပြီးစီးရေး**

Doing Business နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်ကထုတ်ပြန်မည့် Doing Business 2020 Report တွင် ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ ဆောင်ရွက်ချက်များကိုသာ ထည့်သွင်းစဉ်းစားမည် ဖြစ်သည့်အတွက် ကျန်ရှိသည့် (၂) လကျော်ကာလအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများကို သတ်မှတ်ချိန်အမီပြီးစီးရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ စစ်တမ်းမေးခွန်းလွှာများကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ရန်အတွက် သက်ဆိုင်သူများနှင့် ပြည်သူများသိရှိနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဝန်ကြီးဌာနအနေဖြင့် ကားလမ်းများ၊ ရထားလမ်းများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များကို ပိုမိုအဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေ၊ အိမ်နီးချင်းနိုင်ငံအချို့နှင့် Cross Border Transport ကိစ္စဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစား၊အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSMEs ပြပွဲနှင့်ပြိုင်ပွဲများဆောင်ရွက်နေမှု၊ MSMEs လုပ်ငန်းများအတွက် ချေးငွေရရှိရေး ဆောင်ရွက်ပေးနေမှု ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု၊ သံနှင့်သံမဏိလုပ်ငန်းများ စံချိန်၊ စံညွှန်း သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် လျှပ်စစ်မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ဆွေးနွေးမည့် ကဏ္ဍ(၄)ခုသည် တိုင်းဒေသကြီးအတွက် အလွန်အရေးကြီးပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၇ သို့*

# ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခုဖြစ်စေရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပ

သံတွဲ ဖေဖော်ဝါရီ ၂၂

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ ဂျပန်ပြည်ပ ကုန်သွယ်မှုအဖွဲ့အစည်း (JETRO)၊ Myanmar Survey Research Co., Ltd. (MSR)နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ Jasmine Ngapali Resort ဟိုတယ်တွင် ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် မတူကွဲပြားနေမှုက အင်အားတစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘာသာ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့ကွဲပြားမှုများ၊ လူမျိုးပေါင်းစုံ၊ အသိုက်အဝန်းပေါင်းစုံနှင့် ကွဲပြားခြားနားမှုများစွာ ဖြစ်တည်နေသည့် မြန်မာနိုင်ငံအနေဖြင့် ကြီးမားသော အခွင့်အလမ်းရှိနေပါကြောင်း၊ ထိုကွဲပြားမှုများအပေါ် တည်မှီပြီး မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအပိုင်းမှာ အတွေးအခေါ်သစ်များ၊ နည်းလမ်းသစ်များ ယူဆောင်လာပေးကာ ပြည်သူလူထုအကျိုးကိုပြုပေးနိုင်သည့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် ကမ္ဘာကြီးက မိမိတို့ကို ဖွင့်ပေးထားသလို မိမိတို့ကလည်း ကမ္ဘာကြီးကို ဖွင့်ပေးထားပါကြောင်း၊ ထိုအချက်သည် မိမိတို့ ဘာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ရသလဲ၊ မိမိတို့ ဘာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရခိုင်ပြည်နယ်သို့ ဖိတ်ခေါ်ရသလဲဆိုသည့် အကြောင်းအရင်းတစ်ရပ်ပင် ဖြစ်ပါကြောင်း။

**နောက်ထပ်လှိုင်းတစ်ခု အဖြစ်ခေါ်ဆိုနိုင်**

ဒါပေမယ့် မိမိတို့လုပ်ချင်သလို လုပ်နေတာမျိုး မဟုတ်ပါကြောင်း၊ မိမိတို့တွင် လမ်းညွှန်ချက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ပြည့်စုံကြွယ်ဝသော၊ ငြိမ်းချမ်းသော၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေး ရည်မျှော်ပြီး နိုင်ငံတော်၏ အကူးအပြောင်းကာလ ပိုမိုဖြောင့်ဖြူးရေး ပံ့ကိုင်ပေးနိုင်မည့် ပြုပြင်ပြောင်းလဲရေး နောက်ထပ်လှိုင်းတစ်ခု အဖြစ်ခေါ်ဆိုနိုင်သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ကိုက်ညီမှုရှိသည့် မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခုနှင့် အကောင်အထည်ဖော်မှု အစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားပါကြောင်း။

“မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း”နှင့် “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း” တို့တွင် အစိုးရသည် မြန်မာနိုင်ငံကို လုပ်သာကိုင်သာရှိသော၊ ခန့်မှန်းလွယ်သော၊ ရှင်းလင်းလွယ်ကူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးရေးမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို ဖော်ညွှန်းထားပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အနာဂတ်မျိုးဆက်များကို ထိခိုက်စေနိုင်ပြီး ရေတိုသာအကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုကို ဦးစားမပေးဘဲ တာဝန်ယူမှုရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသော နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုကို တက်တက်ကြွကြွ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ပံ့ကိုင်သူ၊ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်သူ၊ မြှင့်တင်သူအဖြစ် စီးပွားရေးလုပ်ငန်းများ ရင်းနှီးကျွမ်းဝင်မှုရှိပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်စေရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေသည့် နိုင်ငံသားများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုကို အားပေးဖိတ်ခေါ်လျက် ရှိပါကြောင်း၊ အိမ်ရှင်နိုင်ငံမှာရှိသည့် လုပ်သားထုနှင့် ပြည်သူလူထုအပါအဝင် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသူ အားလုံးကို အကျိုးဖြစ်ထွန်းမှုရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ခြုံငုံကြည့်လျှင် မြန်မာနိုင်ငံ၏ လူနေမှုအဆင့်အတန်းသည် သိသိသာသာတိုးတက်လျက်ရှိပါကြောင်း၊ သို့သော် အချို့ဒေသများတွင် မညီမျှမှုများရှိနေဆဲဖြစ်ပါကြောင်း။

**ထူးခြားသည့် အချက်များစွာရှိ**

ရခိုင်ပြည်နယ်၌ ထူးခြားသည့် အချက်များစွာရှိပါကြောင်း၊ သဘာဝ သယံဇာတတွေပေါများသည့် ပြည်နယ်တစ်ခုဖြစ်ပြီး အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပေါကြွယ်ဝစွာ ထွက်ရှိခြင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံအကြား တည်ရှိသည့်အတွက် ကုန်သွယ်မှုစီးဆင်းရာ ဝင်ပေါက်အနေဖြင့် မဟာဗျူဟာကျစွာ တည်ရှိနေပါကြောင်း၊ ရခိုင်ပြည်နယ်သည် စျေးကွက်သစ်များနှင့် စက်မှုဇုန်သစ်များ ပေါ်ထွန်းလာရန် ထူးခြားသည့် တည်နေရာကို ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုပင်ဖြစ်ပါကြောင်း၊ သဘာဝ ကမ်းခြေသစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြင့် ဆွဲဆောင်မှု အများအပြားရှိနေသော ရခိုင်ပြည်နယ်သည် တူးဖော်ရန်စောင့်ဆိုင်းနေသည့် အဖိုးတန်ရတနာတစ်ပါးပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းအလားအလာများကိုမြှင့်တင်ရန် ရည်ရွယ်ကျင်းပခဲ့သည့် “My Beautiful Rakhine Photo Contest” ဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရခိုင်ပြည်နယ်ရှိ လှပသောကမ်းခြေများ၊ စိမ်းလန်းစိုပြည်သော လယ်ယာမြေများနှင့် သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များကို ထုတ်ဖော်ပြသနိုင်ခဲ့သည့်အတွက် ကျေနပ်မိပါကြောင်း။

ယခု ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ပြုလုပ်သွားမည့် အစီအစဉ်များဖြစ်သည့် လုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံချိတ်ဆက်နိုင်သည့် အခွင့်အရေး၊ ဌာနဆိုင်ရာများမှ ရှင်းလင်းတင်ပြမှုများ၊ သက်ဆိုင်ရာနယ်ပယ်များမှ ပညာရှင်များ ဆွေးနွေးသည့် စကားဝိုင်းများ ကျင်းပခြင်းတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ချိတ်ဆက်နိုင်ရန်နှင့် ရခိုင်ပြည်နယ်မှာ တိမ်မြုပ်နေသည့် စီးပွားရေးအလားအလာများရှိနေသည်ဆိုတာကို တိကျသေချာသည့် အချက်အလက်များနှင့် ပံ့ပိုးပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမှာစကားပြောကြားစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama အမှာစကားပြောကြားစဉ်။

**အားလုံးပါဝင်နိုင်သော ရခိုင်ပြည်နယ်**

ယခုအချိန်သည် ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အချိန်ကောင်းပင် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် သာယာဝပြောရေးနှင့် အားလုံးပါဝင်နိုင်သော ရခိုင်ပြည်နယ်တစ်ရပ်ဖြစ်စေရေး ဆောင်ရွက်မှုခရီးစဉ်တွင် လူကြီးမင်းတို့အနေဖြင့် မတူကွဲပြားမှုများကို အသုံးချပြီး ပူးပေါင်းပါဝင်လာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ပြောနေသော အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ အစုရှယ်ယာရှင်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များအား ရခိုင်ပြည်မြောက်ပိုင်းတွင် ဘာတွေဖြစ်နေသည်ကို ရှင်းပြရန် လိုအပ်နေမည်ဆိုတာလည်း မိမိနားလည်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအစိုးရသည် ရင်းနှီးမြှုပ်နှံသူများ၏ ပူပန်မှုကိုလည်း မျှဝေခံစားပြီး လုံခြုံငြိမ်းချမ်းမှုရှိစေရေး ဆောင်ရွက်သွားမည်ဆိုသည့် ကတိကဝတ်ကိုလည်း ရိုးရှင်းစွာပေးလိုပါကြောင်း၊ မိမိတို့၏ အခွင့်အာဏာကို အသုံးပြုပြီး ရှည်လျားရှုပ်ထွေးပြီး ဆိုးရွားမှုများကို ဖြစ်ပေါ်စေသော၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းကို ရှည်ကြာစေသော ယင်းစိန်ခေါ်မှုများကို ဖြေရှင်းသွားမည်ဟု ကတိပြုပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို ပြောကြားလိုသည်မှာ အခွင့်အလမ်းသစ်များကို ရှာဖွေပါ။ တွက်ချက်၍ရသည့် စွန့်စားမှုများကို ရယူပါ။ သက်သောင့်သက်သာ အမြဲတမ်းနေပြီး ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်များမရနိုင်ပါကြောင်း။

လမ်းဟောင်းကိုသွားခြင်းထက် လမ်းမရှိသောနေရာမှာ လမ်းကြောင်းသစ်များဖြင့် ဖောက်ထွက်ပါ၊ မိမိတို့က မဆောင်ရွက်လျှင် ယင်းအိပ်မက်များ တကယ်ဖြစ်လာရန် မည်သူမှ လာရောက်လုပ်ပေးမည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဘာလိုချင်သည်၊ ဘယ်ကိုသွားနေသည်ကို ပြောကြားရန် မိမိတို့အားလုံး ဤနေရာမှာရှိနေခြင်းဖြစ်ပါကြောင်း၊ အိပ်မက်များတကယ်ဖြစ်လာဖို့ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

> “ ရခိုင်ပြည်နယ်၌ ထူးခြားသည့် အချက်များစွာ ရှိပါကြောင်း၊ သဘာဝသယံဇာတတွေ ပေါများသည့် ပြည်နယ်တစ်ခုဖြစ်ပြီး အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝစွာ ထွက်ရှိခြင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံအကြား တည်ရှိသည့်အတွက် ကုန်သွယ်မှုစီးဆင်းရာ ဝင်ပေါက်အနေဖြင့် မဟာဗျူဟာကျစွာ တည်ရှိနေ ”

**အချက်အချာကျသည့် နေရာတွင်တည်ရှိ**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ရှိရခိုင်ပြည်နယ်အတွင်း စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နေရာတွင်တည်ရှိပြီး ပြည်တွင်းမှ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများဖြင့် သွားလာနိုင်သည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း အနေဖြင့်လည်း မဟာဗျူဟာမြောက်ပြီး အချက်အချာကျသည့် နေရာတွင်တည်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းနှင့် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတို့သည် ပြည်နယ်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူတို့အတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မောင်တောမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကညင်ချောင်း စီးပွားရေးဇုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာလည်း အားသာချက်ရယူ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တရုတ်ပိုးလမ်းမသစ်တို့နှင့် ချိတ်ဆက်နေသည့်အတွက်လည်း အခွင့်အလမ်းကောင်းများရှိနေကြောင်း ပြောကြားသည်။

*စာမျက်နှာ ၈ သို့*




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) အခမ်းအနားသို့ အမှာစကားပြောကြားစဉ်။

# မင်းဘူး(စကု)မြို့နယ်တွင် သီးနှံပျက်စီးသွားသော တောင်သူများအား ဆောလျင်စွာ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့နယ်တွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အမှန်ကွင်းဆင်းကောက်ယူထားသည့် သီးနှံထိခိုက်မှု ပျက်စီးစာရင်းများအတိုင်း မည်သည့်အချိန်တွင် မည်သည့်နှုန်းထားဖြင့် ပံ့ပိုးထောက်ပံ့မှုများ ပေးသွားမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း အရေးပေါ်ရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲခြင်းကိစ္စကို စိစစ်သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဇွန်လအတွင်း မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မိုးများ၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် သီးနှံ ၁၉၇၀၃ ဧကတွင် မိုးနှမ်း၊ ပဲတီစိမ်း၊ ဆောင်းမြေပဲ တစ်ဧကငွေကျပ် ငါးထောင်နှုန်း၊ ဟင်းသီးဟင်းရွက်၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းသီးနှံများအတွက် တစ်ဧက ငွေကျပ် တစ်သောင်းနှုန်း၊ နွေနှမ်းတစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ မိုးမြေပဲတစ်ဧကလျှင်ငွေကျပ် သုံးသောင်းနှုန်း၊ မိုးစပါးပျိုးခင်း တစ်ဧကငွေကျပ် တစ်သိန်းနှုန်း၊ နွေစပါးတစ်ဧက ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် သီးနှံပျက်စီးခဲ့သည့် တောင်သူများအား ဆောလျင်စွာ ထောက်ပံ့ပေးနိုင်ရေး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းတမံတွင် နှစ်စဉ်အနည်အနှစ်များပို့ချမှုကြောင့် တဖြည်းဖြည်းကောလာကာ ရေဝပ်ဧရိယာ နည်းပါးလာပါသဖြင့် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မုန်းချောင်းရေလှောင်တမံ၏ ဒီဇိုင်းပြုသတ်မှတ်ထားသည့် ကန်ရေသတ်မှတ် RL-440 ပေ အောက်တွင်ရှိသည့် ရေသေရေလှောင်ပမာဏသည် ၁၁၄၁၀၀ ဧကပေ ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် တမံရေဝပ်ဧရိယာအတွင်း သဲနုန်းပို့ချမှုကို တိုင်းတာစစ်ဆေးခဲ့စဉ်က တမံသက်တမ်း ၁၂ နှစ်တာ ကာလအတွင်း သဲနုန်းထုထည်သည် RL-368 ပေ ပမာဏအားဖြင့် ၂၁၆၀၀ ဧက ပေခန့် ဝင်ရောက်လျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရေသေရေလှောင်ပမာဏ၏ ၁၉ ရာခိုင်နှုန်းခန့်သာ သဲနုန်းဝင်ရောက်မှုရှိသည့် အခြေအနေဖြစ်ပါကြောင်း။

## ရေလှောင်တမံတွင်း သဲနုန်းပို့ချမှုအတွက် စောင့်ကြည့်စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိ

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း ရေလှောင်တမံတွင်း သဲနုန်းပို့ချမှု၊ ရေရှည်တည်တံ့မှုတို့အတွက် လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ သဲနုန်းပို့ချမှု အတော်အသင့်ရှိသော်လည်း မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ကန်ရေသတ်မှတ်ချက်အောက်တွင်သာရှိသည့်အတွက် ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုကို ထိခိုက်မှုမရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက်လည်း ထိခိုက်ခြင်းမရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် ပေါင်းစပ်ဖြေကြားပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ထပ်မံစူးစမ်းလေ့လာ ဆောင်ရွက်သွားမည်

ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း၏ **ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ လျှင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်မှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူ၊ မြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့ စီမံထားသည်ကိုသိလိုခြင်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တောင်နဝင်းရေလှောင်တမံ၏ ထိပ်ပြင်အပေါ်ပိုင်းတွင် ယခုကဲ့သို့ အက်ကြောင်းဖြစ်ပေါ်နေမှုနှင့် ပတ်သက်ပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မိုးရာသီမတိုင်မီ ပြီးစီးအောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည့် ဂျပန်ပညာရှင်များ၏ ညှိနှိုင်းဆက်သွယ်မှုအရ ဂျပန် ဆည်မြောင်းပညာရပ် နည်းပညာဆိုင်ရာ Technical Institute of Rural Development Committee ၏ စူးစမ်းလေ့လာမှုစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထပ်မံစူးစမ်းလေ့လာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုဖြစ်ရပ်အပေါ် ဒေသနေပြည်သူများ၏ စိုးရိမ်ပူပန်မှုများ လျော့ပါးသွားစေမှုမှ ပူပင်သောကများ ကွယ်ပျောက်သွားပြီး မိမိတို့၏ဘဝ၊ အသက်အိုးအိမ်စည်းစိမ်များ၊ စိတ်ချလုံခြုံစေမည့် အခြေအနေများ ဖန်တီးဖြစ်ပေါ်လာနိုင်စေမည့် အနေအထားအထိ အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်



မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ် သောင်လယ်ကျေးရွာအုပ်စု ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးရန် ၂၀၁၉ မိုးရာသီမတိုင်မီ ကမ်းထိန်းတန်နှင့် ရေလွှဲကဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက နွယ်တန်းကျေးရွာသည် စစ်တောင်းမြစ်၏ မြစ်ကွေးအပြင်ဘက်ခြမ်းတွင် တည်ရှိပြီး ရေနက်ကြောင်းသည် ကမ်းရင်းမှ စီးဆင်းလျက်ရှိရာ တစ်ဖက်ကမ်းတွင် သဲသောင်ဖြစ်ထွန်းမှုကြောင့် နွယ်တန်းကျေးရွာဘက်ကမ်းတွင် အလျားမီတာ ၈၀၀ ခန့် ကမ်းပြိုမှုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ နွယ်တန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး အစီအမံများအနေဖြင့် နှစ်တန်းသွားမျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်းရေကာ ၇၂၅ မီတာနှင့် မီတာ ၅၀ ရှိသော နှစ်တန်းသွား မျောတိုင်တန်းရေလွှဲရေကာ ၁၀ ခုတို့ကို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၅၃၀ ဖြစ်ပါကြောင်း။

ကမ်းပြိုကာကွယ်ရေးအစီအမံများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေတွင် တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုနှင့် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

## ရာသီဥတုဖောက်ပြန်သောဒဏ်ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ထို့နောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသည့် **ရာသီဥတုဖောက်ပြန်သောဒဏ်ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး စံဝင်းနိုင်က မိမိတို့တိုင်းပြည်အတွင်း အရန်မျိုးရိက္ခာများ သိုလှောင်ထားရှိခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်များကြောင့် အရေးပေါ်မျိုးရိက္ခာလိုအပ်ချက်များအား စနစ်တကျကြိုတင်ကာကွယ်ပြင်ဆင်နိုင်သည့်အပြင် အခြားနိုင်ငံတချို့နှင့် ပြည်ပအဖွဲ့အစည်းတချို့တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစွက်ဖက်မှုနှင့် အကျိုးသက်ရောက်မှုများအပေါ် တည်ငြိမ်စွာဖြင့် တန်ပြန်စီမံခန့်ခွဲသွားနိုင်မည်ဖြစ်သောကြောင့် တောင်သူလယ်သမားများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားသော အကျိုးတရားများဖြစ်ထွန်းလာစေပြီး အမိနိုင်ငံတော်၏ ပုံရိပ်ကိုပါ ပိုမိုတောက်ပလာစေမည် ဖြစ်ပါကြောင်း၊ အရန်မျိုးရိက္ခာရှိခြင်းသည် ပြည့်စုံကြွယ်ဝမှုဂုဏ်ဒြပ်ဖြစ်သကဲ့သို့ အရန်ရှိခြင်း(ထုရှိခြင်း)သည် အောင်မြင်ခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး မင်းမင်းက မိမိတို့နိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုအများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုနှစ်စဉ်ခံစားနေရသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် လိုအပ်သော ပြင်ဆင်မှုများ၊ ကြိုတင်မျှော်တွေးစုဖွဲ့ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များသည် တောင်သူလယ်သမားများအတွက် အမှန်တကယ် အကျိုးစီးပွားမြှင့်တင်ရာရောက်သောကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တင်ပြလိုပါကြောင်း။

ထို့အပြင် ဆန်စပါးကဏ္ဍထုတ်လုပ်မှုကျဆင်းနေခြင်းကို ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်အနေဖြင့် အရန်ဆန်၊ အရန်စပါး၊ အရန်မျိုးရိက္ခာများ ကြိုတင်စီမံထားရှိမှုကို ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြရန် လိုအပ်ပါကြောင်း၊ Logistics ဟု ခေါ်သည့် အုပ်ချုပ်ထောက်ပံ့မှုသည် ပြည်သူများအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု၊ နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ခံစားနိုင်မည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်အနေဖြင့် အရန်ဆန်ထားရှိခြင်း၏ ရည်ရွယ်ချက်သည် ဆန်စပါးဈေးကွက်တည်ငြိမ်ပြီး စားသုံးသူပြည်သူများ အခက်အခဲများ မကြုံတွေ့စေရန်နှင့် ဈေးနှုန်းကျဆင်းမည်ဆိုပါကလည်း တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုမထိခိုက်စေရေးနှင့် သဘာဝဘေးကြုံတွေ့မည်ဆိုပါကလည်း အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်ကို ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

## သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် လတ်တလော စားဝတ်နေရေးအဆင်ပြေစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအပေါင်း သုံးနိုင်ငံပါဝင်ပြီး လက်မှတ်ရေးထိုးထားသည့် ဒေသတွင်းအရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်သည် ဒေသအတွင်းတွင် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေဖြစ်ပွားပါက ထောက်ပံ့ပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး အာဆီယံပဋိညာဉ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အစီအစဉ်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် လတ်တလော စားဝတ်နေရေးအဆင်ပြေစေရန် ထောက်ပံ့ပေးနိုင်ရေး အစီအစဉ်များကို စနစ်တကျရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားပါကြောင်း၊ ရေဘေးသင့်ပြည်သူများကို အချိန်မီထောက်ပံ့ပေးနိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ဗဟိုသိုလှောင်ရုံများရှိသည့် ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်မြို့နယ်သိုလှောင်ရုံများအလိုက် အရန်သင့်သိုလှောင် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်တိုက်တွန်းသည့် အဆိုပါလုပ်ငန်းစဉ်များသည် နိုင်ငံတော်မှ လက်ရှိဆောင်ရွက်လျက်ရှိသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အစီအမံများဖြစ်ပါကြောင်း၊ သဘာဝဘေးကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်စွာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအစီအမံများအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ဖြစ်နေသည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင်၏ သဘောကွဲလွဲမှုရှိသောကြောင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၅၀ မဲ၊ ကန့်ကွက်မဲ ၂၀၁ မဲနှင့် ကြားနေမဲ ၃ မဲဖြစ်၍ ကန့်ကွက်မဲများသောကြောင့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

*စာမျက်နှာ ၅ မှ*

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ နယ်စပ်ဒေသကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာလုပ်ငန်းကော်မတီ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်)အဖွဲ့ဝင် ဦးကိုကိုကြီး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြု တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# မြေနေရာရရှိပါက မိုးညိုမြို့တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်ပေးရန် ဘတ်ဂျက်တွင် ထည့်သွင်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ငါးဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## တောင်ကလေးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် မြေနေရာ ဆောင်ရွက်ပေးမည်ဆိုပါက ဦးစားပေး စဉ်းစားပေးမည်

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တောင်ကလေးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တောင်ကလေးကျေးလက်ကျန်းမာရေးဌာနတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် မြေယာပိုင်ဆိုင်မှုအနေဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုက်နယ်ဆေးရုံဖွင့်မည်ဆိုပါက အနည်းဆုံး မြေ လေးဧကခန့် လိုအပ်မည်


ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးကျော်နီနိုင် မေးမြန်းစဉ်။


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည် မေးမြန်းစဉ်။

ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြေနေရာအတွက် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက ဦးစားပေးအနေဖြင့် စဉ်းစားပေးမည်ဖြစ်ပါကြောင်း၊ ဦးစားပေးတွင်ပါဝင်သွားပါက လာမည့်နှစ် ဘတ်ဂျက်တွင် ထည့်သွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် အဆင့်မြင့်အားကစားကွင်းအတွက် ၂၀၁၈-၂၀၁၉ ဖြည့်စွက်ရန်ပုံငွေဖြင့် မည်ကဲ့သို့ ထပ်မံပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်တွင် မိုးလုံလေလုံအားကစားရုံ ပေ (၂၀၀× ၁၀၀)အား ၂၀၁၈-၂၀၁၉ ဘတ်ဂျက် ရှမ်းပြည်နယ် ရန်ပုံငွေစာရင်းတွင် ငွေကျပ် ၃၁၃ ဒသမ ၆ သန်းဖြင့် ခွင့်ပြုချက်ရရှိပြီး ဒီဇင်ဘာ ၈ ရက်မှစ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လောက်ကိုင်မြို့နယ်တွင် မြို့နယ်အားကစားကွင်း ဖော်ထုတ်ရန်အတွက် ၂၀၁၈-၂၀၁၉ ပြည်ထောင်စုဘတ်ဂျက်တွင် ငွေကျပ် သန်း ၆၀၀ ချထားပေးပါကြောင်း၊ မေးခွန်းတွင်ပါဝင်သည့် အဆင့်မြင့်အားကစားကွင်း


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်။


ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး မေးမြန်းစဉ်။

မလုပ်ဆောင်မီ မြေသားလုပ်ငန်းလုပ်ဆောင်ရန်အတွက် ငွေကျပ်သန်း ၆၀၀ ချထားပေးခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အဆင့်မြင့်အားကစားကွင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာငွေတောင်းခံသည့်အခါ ဖြည့်စွက်ရန်ပုံငွေတွင် တောင်းခံ၍မရပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေတွင် မပြီးပြတ်သေးသည့် ကိစ္စရပ်များသာ တောင်းခံ၍ရပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းဆေးကုဌာနဖွဲ့စည်းပုံနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးကုဌာနတစ်ခုသည် ပေ(၄၀×၃၀) အာစီတစ်ထပ်နှင့် ဝန်ထမ်းအိမ်ရာပါ ဆောက်လုပ်မည်ဖြစ်သည့်အတွက် ပေ ၁၀၀ ပတ်လည် အနည်းဆုံး လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ပေ ၁၀၀ ပတ်လည်ကို ရရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်မြေ ဖြစ်မည်ဆိုပါက နောက်နှစ်ဘတ်ဂျက်များတွင် ထည့်သွင်း၍ရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပေ ၁၀၀ ပတ်လည် မြေရရှိရေးကို အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သို့မဟုတ် တိုင်းရင်းဆေးကုဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိုးညိုမြို့နယ်တွင် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်နိုင်ရန် မိမိတို့ပိုင်သည့် မြေမရှိသေးပါကြောင်း၊ ထို့ကြောင့် မြေနေရာရရှိရန် သာယာဝတီခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြေနေရာရရှိပါက ဖွင့်လှစ်ရန် စဉ်းစားမည်ဖြစ်ပြီး ဘတ်ဂျက်တွင် ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး** က ပုဒ်မ ၃ (ခ)တွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် ဆိုသည်မှာ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိက မြေတိုင်းတာရာ သို့မဟုတ် နယ်နိမိတ် သတ်မှတ်ရာနေရာများကို သော်လည်းကောင်း၊ မြေတိုင်းတာရာ သို့မဟုတ် နယ်နိမိတ်သတ်မှတ်ရာ အမှတ်အသားများကိုသော်လည်းကောင်း ဟူ၍ ဖြည့်စွက်ရန် အကြံပြုလိုပါကြောင်း၊ ပုဒ်မ ၃ (ဂ) စာချုပ်စာတမ်းဆိုသည့် အဓိပ္ပာယ်တွင် စာတမ်းဆိုသည်မှာ မျိုးစုံရှိနိုင်သော်လည်း စာချုပ်ဆိုသည်မှာ နှစ်ဖက် သို့မဟုတ် နှစ်ဖက်ထက်ပိုသည့်သူများ သဘောတူချုပ်ဆိုထားသည့်အရာကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စာချုပ်စာတမ်းဆိုသည်မှာ အကြောင်းအရာတစ်ခုကို မှတ်သားအသုံးပြုရန် ကြံရွယ်၍ စာဖြင့်သော်လည်းကောင်း၊ ဂဏန်းဖြင့်သော်လည်းကောင်း၊ အမှတ်အသားဖြင့်သော်လည်းကောင်း၊ တစ်နည်းထက်ပိုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ အရာဝတ္ထုတစ်ခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် စာတမ်းအမှတ်အသားတစ်ခု ဖြစ်သည်ဟု ဆိုမည့်အစား အရာဝတ္ထုတစ်ခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် နှစ်ဖက် သို့မဟုတ် နှစ်ဖက်ထက်ပိုသော သက်ဆိုင်သူများရှေ့မှောက်တွင် ပြုလုပ်သည့် စာတမ်းအမှတ်အသားကို ဆိုသည်ဟူ၍ ဖြည့်စွက်ရန်လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းစဉ်။


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် မေးမြန်းစဉ်။

## နယ်နိမိတ်သတ်မှတ်သည့်နေရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အငြင်းပွားပါက မည်သို့ဖြေရှင်းရမည်ဆိုသည့်အချက် မပါဝင်သည့်အတွက် အဆိုပါအချက်ကို ဖြည့်စွက်ရန်လိုအပ်

စာချုပ်နှင့် ပတ်သက်၍ ကတိစာချုပ် ဆိုသည့်နေရာတွင် ကတိပဋိညာဉ်စာချုပ်ဟူ၍ ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် အမျိုးသားလွှတ်တော်က ဖြည့်စွက်ထားပြီး ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် ပုဒ်မ ၂၃ကို ဖြည့်စွက်ရန်လိုအပ်သည်မှာ နယ်နိမိတ်သတ်မှတ်သည့် နေရာတွင် ပိုင်ရှင်အချင်းချင်း အငြင်းပွားပါက မည်သို့ဆောင်ရွက်ရမည်ကို ပုဒ်မ ၈ တွင် ပါဝင်ပါကြောင်း၊ မြို့နယ်အချင်းချင်း အငြင်းပွားခြင်းနှင့် ရပ်ကွက်အချင်းချင်း အငြင်းပွားခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ကြီးကြပ်ဖြေရှင်း၍ရသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အချင်းချင်း အငြင်းပွားပါက မည်သို့ဖြေရှင်းရမည်ဆိုသည့်အချက် မပါဝင်သည့်အတွက် အဆိုပါအချက်ကို ဖြည့်စွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းပြင်ဆင်ချက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက ဆက်လက်ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama က အမှာစကားပြောကြားရာတွင် ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြပွဲများကို တိုင်းနှင့်ပြည်နယ်ရှိ နေရာတချို့တွင် ကျင်းပခဲ့ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရခိုင်ဒေသအတွက် အလွန်အရေးကြီးပါကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဘက်မှ ရပ်တည်နေပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်းတို့ ပူးပေါင်းပြီး အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂမှတစ်ဆင့် ရခိုင်ပြည်နယ်အတွက် အကူအညီများပေးသွားမည်ဖြစ်ပြီး ဂျပန်အစိုးရအနေဖြင့်လည်း တိုက်ရိုက်အကူအညီများ ပေးအပ်သွားရန် အစီစဉ်များရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အခြေခံကျောင်းပေါင်း ၈၀ ဆောက်လုပ်ပေးသွားရန်ရှိပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံ ဖြစ်သည့် လျှပ်စစ်ကဏ္ဍတွင် အကူအညီများပေးသွားရန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းအစီရင်ခံစာကို Myanmar Survey Research Co., Ltd. (MSR) မှ လည်းကောင်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများမှ “Government Policy and Priority Sectors”၊ “Doing Business in Rakhine State and Responsible Investment”၊ “Potentially of Rakhine State” ခေါင်းစဉ်များဖြင့် ကဏ္ဍအလိုက် စကားဝိုင်းဆွေးနွေးပွဲ ကို အသီးသီးကျင်းပပြုလုပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ဒေသတွင်းလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ လုပ်ငန်းရှင်များအချင်းချင်း မိမိစိတ်ပါဝင်စားမှုကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ပြီး ပြပွဲတွင် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များက အဆိုပြုလာသည့် လုပ်ငန်း ၂၄ ခုကို ပြည်နယ်အစိုးရသို့ တင်ပြခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ပြည်နယ်အတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေကို မြှင့်တင်ပေးနိုင်မည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေနိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်သို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-သီသီမင်း၊ မင်းသစ်၊ ဓာတ်ပုံ-နေလင်း**

---

❑ *ကျောဖုံးမှ*

နာဂါဝေါ(ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(G)တွင် ဆီရက်စ် (ဖိလစ်ပိုင်)၊ ဘင်ဒေါင်း (ဗီယက်နမ်)၊ ပါစီဂျာဂျကာတာ(အင်ဒိုနီးရှား)တို့နှင့်အတူ ကျရောက်နေသည်။ မြန်မာကလပ်အသင်းများသည် အုပ်စုအဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းက အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်ပြီး အမြင့်ဆုံးရပ်တည်မှုအဖြစ် ၂၀၁၈ ပြိုင်ပွဲတွင် အာဆီယံဇုန်ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာကလပ်အသင်းများသည် ယခုရာသီတွင် အုပ်စုအဆင့်ကျော်လွန်နိုင်ရန် ပစ်မှတ်ထားပြင်ဆင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့် တက်ရောက်ခွင့်ရရန် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။

ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို ဖေဖော်ဝါရီ ၂၆ ရက်မှ မေ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

◆ *ကျောဖုံးမှ*

ရုန်းကန်ခဲ့ရသည်။ ယခုပွဲတွင် အနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်၍ နှစ်သင်းစလုံး ကြိုးစားကစားသော်လည်း မြန်မာအသင်းကစားပုံမှာ သာမန်ထက်မပိုသောကြောင့် မလေးရှားအသင်းက ပိုပြီးဖိအားပေးနိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မလေးရှားအသင်းအနိုင်ဂိုးရခဲ့ပြီး ဖာရာဒက်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် စိုးလွင်လွင်၊ ဇွဲသက်ပိုင်၊ ထက်ဖြိုးဝေ တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်သော်လည်း တိုက်စစ်ကစားပုံမှာ အမှားအယွင်းများသည့်အပြင် ရရှိသည့်အခွင့်အရေးများကိုလည်း အသုံးမချနိုင်ခဲ့သောကြောင့် ချေပဂိုးပြန်မရဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ) အခြားပွဲတွင် အင်ဒိုနီးရှားအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းက ခြောက်မှတ်ဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက ငါးမှတ်ဖြင့် ဒုတိယရကာ ဆီမီးဖိုင်နယ်တက်သွားပြီး လေးမှတ်ရသည့် မလေးရှားနှင့် တစ်မှတ်ရသည့် မြန်မာအသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ဆီမီးဖိုင်နယ်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ၂၂-၂-၂၀၁၉ ရက်နေ့၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ မှတ်တမ်း

# ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ လျှင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသား နိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူမြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့စီမံထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း ဖြစ်ပါတယ်။ မေးခွန်းမမေးခင် ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ဒေသရဲ့အရေးပေါ်အခြေအနေအရ အချိန်နှင့်တစ်ပြေးညီ မေးခွန်းကို ခွင့်ပြုပေးခဲ့တဲ့အတွက် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ယနေ့ ကျွန်မမေးမယ့် မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီးဟာ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလအတွင်း ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ လုံခြုံစိတ်ချရစေရန် မည်ကဲ့သို့ စီမံထားရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ တောင်နဝင်းရေလှောင်တမံဟာ ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်မှာ တည်ရှိပြီး တမံအမြင့် ၁၄၁ ပေ၊ တမံအလျား ၁၆၆၇၄ ပေရှိ မြေသားတမံဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံကို ၁၉၈၅-၁၉၈၆ ခုနှစ်မှ ၁၉၉၄-၁၉၉၅ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံဟာ ဆည်ရေသောက်မြေဧရိယာ ၅၇၂၅၈ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ပါတယ်။

### အက်ကွဲကြောင်းတွေ ပေါ်ပေါက်လာတဲ့အတွက် အထူးစိုးရိမ်

**ဥက္ကဋ္ဌကြီးရှင်**။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ မကြာသေးမီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းကြည့်ရှုတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းဒေသကြီးဝန်ကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှုခဲ့ကြတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံတွေကတော့ မြေသားတမံကြီးရဲ့ထိပ်မျက်နှာပြင် နိမ့်ကျသွားတဲ့ပုံတွေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းကစပြီးတော့ တောင်နဝင်းရေလှောင်တမံ ထိပ်ပြင်မြေသား အလျားပေ ၁၀၀ အတွင်းမှာ တစ်ပေခန့်နိမ့်ကျပြီးတော့ မြေသားပေါင်ပေါ်မှာ အက်ကွဲကြောင်းတွေ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ အထူးစိုးရိမ်လျက်ရှိကြပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ် ပြုလုပ်နေပါသော်လည်း ယခုအချိန်အထိ အက်ကွဲကြောင်းများမှာ ပိုမိုကြီးမားလာခြင်း၊ မြေသားပေါင်ကြီးမှာ ပိုမိုနိမ့်ကျလာခြင်းတို့ကြောင့် ဒေသခံများဟာ အထူးစိုးရိမ်လျက်ရှိပါတယ်။ ထိုကဲ့သို့ဖြစ်ရပ်များ ဖြစ်ပေါ်လာသော်လည်း စူးစမ်းလေ့လာမှုများမှ ပြင်ဆင်သည့်အဆင့်သို့ မရောက်ရှိသေးပါသဖြင့် မိုးရာသီကာလ ရေသိုလှောင်မှုနှင့် ပတ်သက်၍ ရေလှောင်ပမာဏ ပိုမိုများပြားလာသည့်အခါ တမံကြီး၏ ကြံ့ခိုင်မှုအခြေအနေကို ပြည်သူများမှာ ပိုမိုစိုးရိမ်ထိတ်လန့်လာကြပါတယ်။ ၄-၂-၂၀၁၉ ရက်နေ့ နံနက် ၅ နာရီခန့်မှာ စတုတ္ထအကြိမ်မြောက် ငလျင်ထပ်မံလှုပ်ခတ်တဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများရဲ့စိုးရိမ်ထိတ်လန့်မှုဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။ ယင်းအခြေအနေများကြောင့် မိုးရာသီကာလမတိုင်မီနဲ့ မိုးရာသီအတွင်း ရေလှောင်ပမာဏ ပိုမိုများပြားလာပါက တမံကြီး၏ လုံခြုံစိတ်ချရမည့်အနေအထားကို မည်ကဲ့သို့စီမံထားရှိကြောင်း သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒီမေးခွန်းမေးခွင့်ရဖို့ကို ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်သလို အချိန်အခါနှင့်အညီ ဒီမေးခွန်းကို မေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ဝန်ကြီးဌာနက များစွာကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား**။ Power Point အသုံးပြုရှင်းလင်း ဖြေကြားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းတည်ရှိတဲ့ တောင်နဝင်းရေလှောင်တမံကို ဒေသစိုက်ပျိုးမြေဧက ၅၇၂၅၈ ဧကမှာ မိုးစပါး၊ နွေစပါး၊ ကျန်သီးနှံနဲ့ အခြားသီးနှံတွေ စိုက်ပျိုးရေပေးဝေစိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ၁၉၈၄-၁၉၈၅ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့ ရေလှောင်တမံဖြစ်ပါတယ်။ တည်ဆောက်မှုကာလ ၁၀ နှစ် တာကာလ ကြာမြင့်ခဲ့ပြီးတော့ စနစ်တကျ အချိန်ယူတည်ဆောက်ခဲ့တဲ့ ရေလှောင်တမံကြီးတစ်ခုလည်းဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့ တမံအလျားအနေနဲ့ကတော့ ၁၆၆၇၄ ပေနဲ့ တမံအမြင့် ၁၄၁ ပေရှိပါတယ်။ ကန်ရေပြည့် ရေလှောင်ပမာဏက ဧကပေ ၁၈၇၀၀၀ ရှိပါတယ်။

### ပညာရှင်များနဲ့ ရေလှောင်တမံကို ကွင်းဆင်းစစ်ဆေး

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာ ပါတဲ့အတိုင်း ယခုနှစ် နှစ်ဆန်းကာလ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့မှာ ရေလှောင်တမံရဲ့ပေတိုင် ၅၆၅၀ ကနေ ၆၁၀၀ ကြား တမံထိပ်ပြင် (Crest) မှာ အက်ကြောင်းပေါ်ထွက်ခဲ့ပါတယ်။ အဆိုပါဖြစ်ရပ်ပေါ်မှာ ပေါ်ပေါက်လာတာနဲ့အညီ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာပညာရှင်တွေ၊ ဂျပန်နိုင်ငံအတိုင်ပင်ခံပညာရှင်များနဲ့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီတို့မှ အင်ဂျင်နီယာပညာရှင်တွေက အချိန်နှင့်တစ်ပြေးညီ ရေလှောင်တမံကို အသီးသီးကွင်းဆင်းစစ်ဆေးမှုရှိခဲ့ပါတယ်။ အဆိုပါကွင်းဆင်းစစ်ဆေးခဲ့တဲ့ ပညာရှင်တွေရဲ့သုံးသပ်ချက်အရ ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့အနီးဝန်းကျင်ကို ဗဟိုပြုပြီး ၂၀၁၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရတဲ့ မြေငလျင်လေးကြိမ်လှုပ်ခတ်မှုကြောင့် တမံအောက်ခြေအုတ်မြစ်ကျောက်သားဟာ လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ပြီး တမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း အက်ကြောင်းဖြစ်ပေါ်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်စစ်ဆေးရရှိပါတယ်။ အက်ကြောင်း စတင်ဖြစ်ပေါ်တဲ့နေ့ရက်ကစပြီး အက်ကြောင်းအတိုင်းအတာပမာဏ ပြောင်းလဲလာမှု ရှိ/မရှိ၊ တမံထိပ်မျက်နှာပြင်နိမ့်ကျပြောင်းလဲနိုင်မှု ရှိ/မရှိ၊ တမံကိုယ်ထည်ရွေ့လျားမှု Dam Body Displacement ရှိ/မရှိတို့ကို မိမိတို့ဌာနအနေနဲ့ ၂၄ နာရီ အချိန်ပြည့် စောင့်ကြည့်တိုင်းတာစစ်ဆေးခဲ့ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား**။ ဒီလိုဆောင်ရွက်တဲ့အခါမှာ တမံကိုယ်ထည်နဲ့ အောက်ခံအုတ်မြစ်အခြေအနေတွေကို ဘူမိရူပဗေဒဆိုင်ရာ ပုံရိပ်ဖမ်းခြင်းနည်းပညာ စမ်းသပ်နှံ့တွင်းများ တူးဖော်ပြီး မြေသိပ်သည်းဆစစ်ဆေးသောနည်းလမ်းတို့နဲ့ စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းတွေကို စမ်းသပ်မြေပြင်နေရာမှာ ခုနစ်နေရာတူးပြီးတော့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲ့လို ဆောင်ရွက်တဲ့အခါမှာ လက်ရှိတူးဖော်ပြီးစီးခဲ့တဲ့ စမ်းသပ်တွင်းတွေရဲ့စစ်ဆေးတွေ့ရှိချက်အရ တမံကိုယ်ထည်မြေသားရဲ့ သိပ်သည်းဆဟာ မူလဒီဇိုင်းပြုပြင် တည်ဆောက်ထားတဲ့ မြေပြင်မြေသား သိပ်သည်းဆဂုဏ်သတ္တိများအတိုင်း ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တမံအောက်ခံ အုတ်မြစ်ရဲ့အလွှာအချို့မှာတော့ မြေငလျင်ရဲ့လှုပ်ခတ်မှုဒဏ် သက်ရောက်မှုကြောင့် ပုံသဏ္ဌာန်ပျက်ယွင်းမှု အနည်းငယ်ဖြစ်ပေါ်နေကြောင်း တွေ့ရပါတယ်။


ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဦးလှကျော် ဖြေကြားစဉ်။

### အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး CCTV ကင်မရာ တပ်ဆင်ပြီး ဆောင်ရွက်ထားရှိ

မြေငလျင်လှုပ်ခတ်မှုကဲ့သို့ သဘာဝဘေးအန္တရာယ်ကို ကြိုတင်သိရှိနိုင်ခြင်းမရှိတဲ့အလျောက် ဖြစ်ပေါ်လာတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီးတော့ တမံရဲ့ဘေးကင်းလုံခြုံမှုအတွက် အချိန်နှင့်တစ်ပြေးညီ ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ စီမံလုပ်ဆောင်ခဲ့ပါတယ်။ ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ နှစ်စဉ် မျက်မြင်စစ်ဆေးခြင်းဆိုင်ရာ စစ်ဆေးမှုလုပ်ငန်းစဉ်များအတိုင်း စောင့်ကြည့်စစ်ဆေး စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် တမံရဲ့ အခြေအနေမှန်ကို အချိန်နှင့်တစ်ပြေးညီ ဒေသနေပြည်သူတွေ စောင့်ကြည့်ပြီး လိုအပ်မည့် အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်းပဲ ဌာနမှ စီမံဆောင်ရွက်နေမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက်ကိုလည်း CCTV ကင်မရာရှစ်လုံး တပ်ဆင်ပြီးတော့ ဆောင်ရွက်ထားမှုရှိပါတယ်။ အလားတူ ရေလှောင်တမံနှင့်ပတ်သက်ပြီး ပြည်သူများ စိုးရိမ်ကြောင့်ကြမှု လျော့နည်းစေဖို့အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ဆည်မြောင်းပညာရှင်၊ ဂျပန်ပညာရှင်တို့မှ ဒေသခံပြည်သူတွေကို အခါမလပ် ဖြစ်ပေါ်တိုးတက်ဖို့ အခြေအနေတွေကိုလည်း ရှင်းလင်းဆောင်ရွက်ပေးခဲ့ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား**။ လက်ရှိ ဂျပန်နိုင်ငံ ဆည်မြောင်းပညာရပ်ဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ Sanyu အဖွဲ့က ဘူမိဗေဒပညာရှင်တစ်ဦးလည်း လိုအပ်တဲ့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဘူမိဗေဒပညာရှင်ရဲ့ အကြံပြုချက်နှင့်အညီ တမံအက်ကြောင်းကို ချဲ့ထွင်တူးဖော်ပြီး အက်ကြောင်းအတွင်းကို ဓာတုဆေးရည်ဖြည့်သွင်းပြီးတဲ့နောက် ဘူမိရူပဗေဒဆိုင်ရာ နည်းပညာနှင့် ပုံရိပ်ဖမ်းပြီး အက်ကြောင်းဖြစ်ပေါ်မှု ပုံစံနှင့် အတိမ်အနက်ကို တိကျစွာသိရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ မကြာမီမှာလည်းပဲ ဂျပန်နိုင်ငံ Sanyu အတိုင်ပင်ခံအဖွဲ့မှ တမံဆိုင်ရာကျွမ်းကျင်အင်ဂျင်နီယာတစ်ဦး ထပ်မံရောက်ရှိလာရမည်ဖြစ်ပြီးတော့ မြန်မာပညာရှင်များနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးလည်း ဖြစ်ပါတယ်။

### ရေသိုလှောင်ထိန်းသိမ်းမယ့် အခြေအနေ ချိန်ဆစီမံဆောင်ရွက်သွားရမှာဖြစ်

လတ်တလော စူးစမ်းလေ့လာတိုင်းတာမှုတွေအရ ရရှိတဲ့ အချက်အလက်တွေအပေါ် အခြေခံပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့မှာ မိမိတို့ ဝန်ကြီးဌာနမှ ဆည်မြောင်းပညာရပ်ဆိုင်ရာ ပညာရှင်များ၊ ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် တောင်နဝင်းရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် မိုးရာသီမတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံတွေကို အကျေအလည် သုံးသပ်ဆွေးနွေးပြီး အသေးစိတ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရေလှောင်တမံ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် တမံရဲ့အခြေအနေကို အချိန်ပြည့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းတွေနှင့်အတူ စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ လာမယ့် မိုးရာသီကာလအတွင်းမှာလည်း ရေသိုလှောင်ထိန်းသိမ်းမယ့် အခြေအနေတွေကိုလည်းပဲ ချိန်ဆစီမံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေကို တင်ပြရမယ်ဆိုရင် တမံရဲ့အောက်ခံအုတ်မြစ်အားဖြည့်ခြင်းအတွက် ဘိလပ်မြေ သရွတ်မှုတ်သွင်းခြင်း၊ တမံကိုယ်ထည်ရဲ့ နောက်ဘက်မှ မြေသားပိုးပြီး မြေဖို့ခြင်းတို့ကို တစ်ပြိုင်နက် စတင်ဆောင်ရွက်ခြင်း၊ ထို့နောက် တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်မှုပုံစံကို အက်ကြောင်းမြေပုံရေးဆွဲခြင်း၊ တစ်ဆက်တည်းမှာပင် တစ်မီတာအနက်တူးဖော်ကာ တွေ့ရှိရတဲ့အခြေအနေကို အက်ကြောင်းမြေပုံထပ်မံရေးဆွဲခြင်း၊ အက်ကြောင်းအတွင်းကို ဘိလပ်မြေ၊ မြေဖယောင်း၊ အလွန်သေးငယ်တဲ့ စီလီကွန်နန်းမျှင်များနဲ့ နာနိုနည်းပညာသုံး ဓာတုဗေဒပစ္စည်းများ ရောစပ်ထည့်သွင်းခြင်း၊ အဆိုပါလုပ်ငန်းစဉ်အတိုင်း အက်ကြောင်းတွေ့ရှိမှုအပေါ် မူတည်၍ အနက် သုံးမီတာမှ ငါးမီတာအထိ မြေသားဖယ်ရှားခြင်း၊ ဓာတုဗေဒပစ္စည်းများ ထည့်သွင်းခြင်းနှင့် အက်ကြောင်းမြေပုံရေးဆွဲခြင်း တို့ကို တစ်မီတာချင်းအလိုက် အဆင့်ဆင့် ဆောင်ရွက်သွားခြင်း၊ အများဆုံး ငါးမီတာအထိ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် အက်ကြောင်းဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးတွေ့ရှိချက်အရ အက်ကြောင်းတွေ့ရှိပါက အက်ကြောင်းများအတွင်း ဓာတုဗေဒပစ္စည်းများ ထည့်သွင်းခြင်းနှင့် လိုအပ်တဲ့ ပြုပြင်ပြီးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်တွေ ပြီးမယ်ဆိုရင်တော့ အဆိုပါ မြေသားဖယ်ရှားထားပြီးဖြစ်တဲ့ တမံထိပ်ပြင်အပိုင်းကို တမံမြေဖို့ခြင်းလုပ်ငန်းစဉ်တွေအတိုင်း စနစ်တကျ ပြန်လည်မြေဖို့ဆောင်ရွက်သွားခြင်းတို့ကိုလည်း အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား**။ တောင်နဝင်း ရေလှောင်တမံရဲ့ ထိပ်ပြင်အပေါ်ပိုင်းမှာ ယခုလို အက်ကြောင်းဖြစ်ပေါ်မှုနှင့် ပတ်သက်ပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အလျောက် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ဂျပန်ပညာရှင်တွေရဲ့ ညှိနှိုင်းဆက်သွယ်မှုအရ ဂျပန်နိုင်ငံ၊ ဆည်မြောင်းပညာရပ် အဆင့်မြင့်နည်းပညာဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Technical Institute of Rural Development Committee ရဲ့ စူးစမ်းလေ့လာမှု စံနှုန်းသတ်မှတ်ချက်များနှင့်အညီလည်း ထပ်မံစူးစမ်းလေ့လာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုဖြစ်ရပ်အပေါ် ဒေသနေပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုများ လျော့ပါးသွားစေမှုကနေပြီးတော့ ပူပင်သောကများ ကွယ်ပျောက်သွားပြီး မိမိတို့ရဲ့ ဘဝ၊ အသက်အိုးအိမ်စည်းစိမ်များ စိတ်ချလုံခြုံစေမယ့်အခြေအနေ ဖန်တီးဖြစ်ပေါ်လာနိုင်မယ့်အနေအထားအထိ အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့။ ဒုတိယဝန်ကြီးအနေနဲ့ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပြီးတော့ ကျွန်မတို့ကို ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့မြို့နယ်ကိုယ်စား ပြောကြားလိုပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ မြို့နယ်ပြည်သူတွေ အနေနဲ့လည်း နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အမြန်ဆုံးလာရောက်ကြည့်ရှုစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ ကျွန်မအနေနဲ့ မေးမြန်းလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ထပ်ပြီးတော့သွားချင်တဲ့ ဆန္ဒရှိပါတယ်။ သို့သော်လည်းပဲ အကြောင်း၊ အကြောင်းလေးတွေ ရှိသေးတဲ့အလျောက် မကြာမီအချိန်အတွင်းမှာ ဝန်ကြီး သို့မဟုတ် မိမိ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်ပေးဖို့ ဖြည့်ဆည်းလုပ်ကိုင်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကြယ်ပွင့်ပြမေးခွန်းအား ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပြီး အများအတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနဲ့ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။ ။

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ Center for Asian Legal Exchange မှ လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်သို့ လေ့လာရေးခရီး လာရောက်ကြသည့် Center for Asian Legal Exchange မှ Assistant Professor, Ms. Emi Makino နှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လွှတ်တော်ရေးရာဆောင် (I-11) ၌ လက်ခံတွေ့ဆုံသည်။

**ပြန်လည်ဖြေကြား**

ထိုသို့တွေ့ဆုံစဉ် အထူးကော်မရှင်ဥက္ကဋ္ဌမှ ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ဥပဒေရေးရာကိစ္စရပ်များအပေါ် ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမများမှ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးသည်။ **သတင်းစဉ်**



**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်သို့ လေ့လာရေးခရီးလာရောက်ကြသည့် Center for Asian Legal Exchange မှ Assistant Professor, Ms. Emi Makino နှင့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# မြန်မာနိုင်ငံမှ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး မြှင့်တင်ကာကွယ်ရေး ဆောင်ရွက်ပေးမှုများ၊ ရခိုင်ပြည်နယ်ကိစ္စရပ်များအပေါ် အစိုးရ၏ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဥရောပသမဂ္ဂဘက်မှ ကုန်သွယ်မှုညွှန်ကြားမှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig ဦးဆောင်သော ဥရောပသမဂ္ဂ ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံမှ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး မြှင့်တင်ကာကွယ်ရေး ဆောင်ရွက်ပေးမှုများ၊ ရခိုင်ပြည်နယ်ကိစ္စရပ်များအပေါ် အစိုးရ၏ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံ အစိုးရဝန်ကြီးဌာန ကိုယ်စားလှယ်များနှင့် ဥရောပသမဂ္ဂကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့တို့အကြား တတိယအကြိမ်မြောက် ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ နှင့် ၂၂ ရက်များတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဦးဆောင်၍ လည်းကောင်း၊ ဥရောပသမဂ္ဂ ဘက်မှ ကုန်သွယ်မှုညွှန်ကြားမှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig က ဦးဆောင်၍ လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဥရောပသမဂ္ဂဘက်မှ ကုန်သွယ်မှုညွှန်ကြားမှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

ယခုဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်၊ ကချင်၊ ရှမ်းပြည်နယ်များတွင် လူသားချင်းစာနာမှုအထောက်အပံ့များ ပေးအပ်နိုင်ရေး၊ နေရပ်စွန့်ခွာသူများ၏ လူနေမှုအခြေအနေများ တိုးတက်ကောင်းမွန်ရေး၊ တစ်ဖက်နိုင်ငံရောက် နေရပ်စွန့်ခွာသူများ ကိုယ်ပိုင်ဆန္ဒဖြင့် လုံခြုံကောင်းမွန်စွာ ပြန်လာနိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးရေး၊ အမုန်းစကားတားဆီးရေး၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် အလုပ်သမားအခွင့် အရေးကာကွယ်မြှင့်တင်ရေးစသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို မြန်မာနိုင်ငံအစိုးရမှ ကြိုးပမ်းဖော်ဆောင်နေသည့်ကိစ္စရပ်များနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည် ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ဥရောပသမဂ္ဂဘက်မှ ပြည်ပဆက်ဆံရေးဌာန၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mrs. Paola Pampaloni၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt နှင့် ကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ သည်။

ဥရောပသမဂ္ဂကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈၊ ၁၉ ရက်များတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့အား သီးခြားစီ တွေ့ဆုံခဲ့သည်။

ခရီးစဉ်အတွင်း စစ်တွေမြို့နယ်ရှိ နည်းပညာအထက်တန်းကျောင်းသို့ သွားရောက်ခဲ့ပြီး မင်းဂံရှိ ရခိုင်တိုင်းရင်းသားများ၊ ကြိမ်နီပြင် IDP စခန်းရှိ မွတ်စလင်အသိုက်အဝန်းနှင့် ဟိန္ဒူဘုရားကျောင်းရှိ ဟိန္ဒူအသိုက်အဝန်းတို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား စုစုပေါင်း ၅၆၇ ဦးအား ကြိုဆိုလွှဲပြောင်း လက်ခံခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြန်မာနှင့်ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ ပြန်လည်လက်ခံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်အတွင်း နိုင်ငံသားစိစစ်ပြီးသူ ၅၆၇ ဦးအား ပြန်လည်စိစစ်လက်ခံနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်လက်ခံရာ၌ ပထမနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် မယ်လဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၁၃၃ ဦးအား ထိုင်း-မြန်မာချစ်ကြည်ရေးတံတား အမှတ်(၁) မှတစ်ဆင့် ခေါ်ဆောင်လာခဲ့ပြီး မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ မွန်းလွဲ ၃ နာရီတွင် လွှဲပြောင်းလက်ခံရေးအခမ်းအနားကျင်းပပြုလုပ်၍ ကြိုဆိုခဲ့ကြောင်း၊ အခမ်းအနားသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ပြန်လည်စိစစ်လက်ခံရေးကော်မတီဝင်များမှ တက်ရောက်ခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း။



**ထိုင်းနိုင်ငံမှလွှဲပြောင်းပေးခဲ့သည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။**

ဒုတိယနေ့ လွှဲပြောင်းခြင်း အစီအစဉ်အရ အုန်းပြန်ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၂၀၁ ဦးအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် မြန်မာသံရုံး ဗန်ကောက်မြို့မှ သံမှူးကြီးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်မှူး ဦးအောင်ခိုင်ဆွေ ဦးဆောင်သော အဖွဲ့မှ လွှဲပြောင်းလက်ခံခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် မယ်ဟောင်ဆောင် ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ ၅၉ ဦးအား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့မှ ကောင်စစ်ဝန်ချုပ် ဦးသိန်းတင်က ထိုင်းဘက်မှ တာဝန်ရှိသူများနှင့်အတူ ခေါ်ဆောင်လာခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုး၊ ကယားပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ကယားပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးတို့ ဦးဆောင်သည့် ပြန်လည်လက်ခံကြိုဆိုရေးအဖွဲ့က မြန်မာဘက်ခြမ်းရှိ BP 13 ဂိတ်၌ မွန်းတည့် ၁၂ နာရီတွင် လက်ခံခဲ့ပြီး ကယားပြည်နယ် မယ်စဲ့လက်ခံရေးစခန်းသို့ ဆက်လက်ပို့ဆောင်ပေးကာ သက်ဆိုင်ရာ အခြေချနေထိုင်မည့် နေရပ်ဒေသအရောက် ပို့ဆောင်ပေးရန်အတွက် ပြန်လည်စိစစ်လက်ခံရေးကော်မတီဝင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ ဖေဖော်ဝါရီ ၂၁ ရက်တွင် နေရပ်ပြန်လိုသူ စုစုပေါင်း ၂၆၀ အား လွှဲပြောင်းလက်ခံခဲ့ကြောင်း။

တတိယနေ့ လွှဲပြောင်းခဲ့မှုအရ ဘန်ဒုံရန် ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ ၄၅ ဦးနှင့် နို့ပိုးဒုက္ခသည်စခန်းမှ ၁၂၉ ဦး၊ စုစုပေါင်း ၁၇၄ ဦးအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင် မြန်မာသံရုံး ဗန်ကောက်မြို့မှ သံမှူးကြီးနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ခရိုင်မှူး ဦးအောင်ခိုင်ဆွေ ဦးဆောင်သော အဖွဲ့က လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား စုစုပေါင်း ၅၆၇ ဦးအား ကြိုဆိုလွှဲပြောင်းလက်ခံခဲ့ပြီးနောက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြန်လည်စိစစ်လက်ခံရေး ကော်မတီများက ၎င်းတို့အခြေချနေထိုင်မည့် နေရပ်ဒေသအရောက်ပို့ဆောင်ခြင်း၊ အိမ်ထောင်စုအလိုက် လတ်တလောထောက်ပံ့ပစ္စည်းနှင့် ငွေကြေးများပေးအပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယာယီအထောက်အထားများ ထုတ်ပေးခြင်းမှသည် အိမ်ထောင်စုဇယား (ပုံစံ-၁၀)နှင့် နိုင်ငံသားခိုင်မာမှုအဆင့်အလိုက် မှတ်ပုံတင်များ ထုတ်ပေးခြင်း၊ နေရာချထားခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းတို့ကို သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။**

**တရားဝင်တွေ့ဆုံ**

ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) သည် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့များထဲတွင် တပ်မတော်၏ကြေညာချက်အတိုင်း NRPC နှင့် တပ်မတော်ကို တွေ့ဆုံခွင့်တောင်းပြီး တရားဝင်တွေ့ဆုံသည့် ပထမဆုံးအဖွဲ့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့်လည်း ကြိုဆိုပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဝမ်ဟိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အစည်းအဝေးများ ဖြစ်မြောက်ရေး၊ ညီလာခံခေါ်ယူနိုင်ရေး၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး တို့အတွက် ဆောင်ရွက်လျက်ရှိပြီး အစိုးရနှင့် ငြိမ်းချမ်းရေး ကော်မရှင်တို့သည်လည်း အထူးအစဉ်တစိုက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းက လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံညှိနှိုင်းခဲ့မှုများရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီအတွက် ပွင့်ပွင့်လင်းလင်းနှင့် ဆွေးနွေးပေးစေလိုကြောင်း၊ SSPP ပါတီအနေဖြင့်လည်း အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ကောင်းမွန်စွာလက်ခံရရှိ**

ထို့နောက် ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်က NRPC မှ မိမိတို့၏ တောင်းဆိုမှုကို လက်ခံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ မိမိတို့ SSPP နှင့် SSA အဖွဲ့ကို နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူးသဝဏ်လွှာပေးပို့ခဲ့သည်ကို ကောင်းမွန်စွာလက်ခံရရှိပါကြောင်း၊ ယင်းအတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း။

တစ်ချိန်တည်းမှာပင် နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အစိုးရအဖွဲ့ဝင်များ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် တပ်မတော်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံးအတွက် မိမိတို့ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်မှ ဗဟိုကော်မတီဝင်များနှင့် တပ်မှူးတပ်သားအားလုံးက ဆုမွန်ကောင်းတောင်းပေးလိုက်ပါကြောင်း။

ယနေ့ မိမိတို့အား အထူးကြိုဆိုပြီး တွေ့ဆုံခွင့်ပြုပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့သည် ပင်လုံစာချုပ်အရ ပြည်ထောင်စုဖြစ်ပေါ်လာပြီး အတူတည်ဆောက်လာခြင်း ဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၇၀ အတွင်း မိမိတို့တိုင်းပြည်သည် ပိုမိုတိုးတက်ကောင်းမွန်လာရမည့်အစား မိမိတို့ထက်နောက်ကျနေသည့် တိုင်းပြည်များထက် ပိုမိုနောက်ကျပြီး တိုးတက်ရေးတွင် အကြောင်းအမျိုးမျိုးကြောင့် မတိုးတက်ခဲ့ပါကြောင်း၊ အဓိကမှာ မိမိတို့ အမျိုးသားအချင်းချင်းအပေါ် ယုံကြည်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာမပြည့်စုံမှု၊ အားနည်းမှုများရှိခဲ့ပါကြောင်း၊ ယင်းအတွက် အတိတ်ကို သင်ခန်းစာယူပြီး နောင်တွင် အမှားမပြုမိရန် မိမိတို့အနေဖြင့် သဘောပေါက်မိပါကြောင်း။

**တိုင်းရင်းသား အားလုံးပါဝင်ရေး**

ထို့ကြောင့် ယနေ့တွင် မိမိတို့အနေဖြင့် လက်ရှိအခြေအနေဖြစ်သည့် NCA လမ်းကြောင်းကို မဆန့်ကျင်ပါကြောင်း၊ သို့သော်လည်း NCA တွင် မပြည့်စုံမှုများ ရှိသည်မှာ ဥပမာအားဖြင့် မိမိတို့အမြင်အရ ကျန်တိုင်းရင်းသားအားလုံးပါဝင်ရေးဆိုသည်ကို တောင်းဆိုခြင်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ NCA သွားနေသည့် လမ်းကြောင်းမှာ မှားနေခြင်းမဟုတ်ပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးနေသည့်အချက်တွင် အခြေခံမည့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်မည်ဟု ပြောနေသော်လည်း အခိုင်အမာမည်သို့သွားမည်ဆိုသည့် ပုံသဏ္ဌာန်၊ ပုံစံ၊ နည်းနာများကို ဆက်လက်ညှိနှိုင်းသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ယုံကြည်သည်မှာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကို အရင်က ပြီးခဲ့သည်များကို အပြစ်တင်နေခြင်း မဟုတ်ပါကြောင်း၊ ယနေ့ အခြေအနေသည် များစွာကောင်းမွန်သည်ဟု ယူဆပါကြောင်း၊ ယင်းသို့ပြောရခြင်းမှာ မိမိတို့ စားပွဲဝိုင်းပေါ်တွင် တန်းတူညီမျှ ဆွေးနွေးပိုင်ခွင့်ရှိခြင်းကြောင့်ပြောခြင်းဖြစ်ပါကြောင်း။

မိမိတို့မှုမှာ နှစ်ပေါင်း ၇၀ ကျော်အတွင်း ဖြေရှင်း၍မရသည့် ပြဿနာများကို ယခုကဲ့သို့ စားပွဲဝိုင်းပေါ်တွင် တန်းတူညီမျှ ဆွေးနွေးသွားမည်ဆိုပါက မဖြေရှင်းနိုင်စရာ အကြောင်းမရှိပါကြောင်း၊ မိမိတို့ NCA ကို လက်မှတ်မရေးထိုးခြင်းမှာ ဆန့်ကျင်၍မဟုတ်ပါကြောင်း၊ အားလုံးပါဝင်နိုင်ရေးနှင့် အကြောင်းများရှိပါကြောင်း၊ ယင်းကို နားလည်ပေးစေလိုပါကြောင်း၊ ယနေ့ဖြစ်နေသည့် ပြဿနာများကို မိမိတို့ဘက်မှ ထိန်းသိမ်းထားပါကြောင်း၊ ဥပမာတိုက်ပွဲများမဖြစ်ရန် မိမိတို့ဘက်မှ ပစ်ခတ်မှုများမလုပ်ရန် ညွှန်ကြားထားပါကြောင်း၊ ယနေ့အထိလည်း ထိန်းသိမ်းထားပါကြောင်း၊ ထို့ကြောင့် ယခုနောက်ပိုင်း မိမိတို့ဘက်မှ တပ်မတော်စစ်ကြောင်းများ၊ စခန်းများကို ချုံခိုတိုက်ခိုက်ခြင်း၊ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုလုပ်ခဲ့ပါကြောင်း၊ ယခုဖော်ပြချက်မှာ လက်တွေ့တွင် ယုံကြည်မှုအတွက် တစ်စုံတစ်ရာ အကျိုးအမြတ်ဖြစ်မည်ဟု ယူဆပါကြောင်း။

ယနေ့ အောက်ခြေတွင် ယခုကဲ့သို့ ယုံကြည်မှုများ တဖြည်းဖြည်းရှိလာပြီး အခြေအနေတစ်ခု၊ ကာလတစ်ခုရောက်လာပါက မိမိတို့နှင့် တာဝန်ရှိသူများ မျှော်မှန်းထားသည့်အတိုင်း ညီအစ်ကိုသဘောထားဖြင့် ညှိနှိုင်းဆွေးနွေးရင်း စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် ကြိုးစားနေခြင်းဖြစ်ပါကြောင်း။

**နှစ်ပေါင်း ၆၀ ရှိပြီ**

တစ်ဖက်တွင်လည်း ဒေသဖွံ့ဖြိုးရေးကို တည်ဆောက်နေပါကြောင်း၊ တချို့က ပြောကြပါကြောင်း၊ စစ်ရေးကာလတွင် လက်နက်များ၊ ကျည်ဆံများဝယ်ပြီး မငြိမ်းချမ်းသည့်ကာလတွင် ဒေသဖွံ့ဖြိုးရေးများ လုပ်ဆောင်နေစရာမလိုဟု ပြောကြပါကြောင်း၊ မိမိတို့တံတားတည်ဆောက်၊ လမ်းဖောက်နေမှုများကို ဆန့်ကျင်ကြပါကြောင်း၊ အမျိုးမျိုးပုတ်ခတ်ကြပါကြောင်း၊ မင်းတို့ "အ" တယ်ဟုပြောကြပါကြောင်း၊ "အ" ရင်လည်း "အ"ပါစေ၊ မိမိတို့ပြည်တွင်းစစ်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ တော်လှန်ရေးသည် နှစ်ပေါင်း ၆၀ ရှိပြီ ဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၆၀ အတွင်း ပြည်သူများသည် မိမိတို့နှင့်အတူ ဒုက္ခရောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် မိဘပြည်သူများကို ပြန်လည်ကျေးဇူးဆပ်သည့်အနေဖြင့် လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း၊ ယခုအချက်ကို ကြည့်ခြင်းဖြင့် မိမိတို့ စစ်ကိုဆက်လက် မလိုလားဘူးဆိုသည်ကို နားလည်ပေးစေလိုပါကြောင်း၊ ယခုလာရောက်သည်မှာလည်း ယင်းအတွက် ရည်ရွယ်တောင်းဆိုရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ မိမိတို့ လုပ်ဆောင်ခဲ့သည်များကို လာရောက်အစီရင်ခံခြင်း ဖြစ်ပါကြောင်း၊ နောက်လည်း ဆက်လက်တည်ဆောက်မည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေး ကောင်းမွန်အောင် လုပ်ဆောင်မည့်ကိစ္စများလည်း တင်ပြရန်ရှိပါကြောင်း၊ နောက်တစ်ချက်မှာ တပ်မတော်နှင့် သီးသန့်တွေ့ဆုံရန် တောင်းဆိုထားပါကြောင်း၊ ယင်းသို့ တွေ့ဆုံရာတွင် တပ်ပိုင်းဆိုင်ရာများကို အစီရင်ခံမည်ဖြစ်ပါကြောင်း၊ မိမိတို့ NRPC တွင် လာရောက်တင်ပြခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရနှင့် ရှမ်းပြည်တိုးတက်ရေးပါတီတွေ့ဆုံမှု အခြေအနေ၊ ဝမ်ဟိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်က ယခုလိုလာရောက် ဆွေးနွေးခွင့်ရအောင် ဆောင်ရွက်ပေးကြသည့် နိုင်ငံတော်အစိုးရ တာဝန်ရှိသူများ၊ လွှတ်တော်နှင့် တပ်မတော်အကြီးအကဲများ၊ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ နိုင်ငံကို စည်းစည်းလုံးလုံးဖြင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံပေါ်လာအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**များစွာအကျိုးရှိ**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ်က ယနေ့ ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ၏ အခြေအနေနှင့် ဆောင်ရွက်ချက်များကို သိရှိခွင့်ရသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ အစိုးရအနေဖြင့် NCA တွင် အားလုံးပါဝင်လာနိုင်ရေးအတွက် လမ်းဖွင့်ထားပြီး အားလုံးပါဝင်လာနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ တချို့အဖွဲ့အစည်းများလည်း ပါဝင်လာတော့မည်ဟု ယုံကြည်ပါကြောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီအနေဖြင့် ပါဝင်လာနိုင်အောင် ကြိုးစားစေလိုကြောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ဆောင်ရွက်ပေးနိုင်ရန် NRPC အစည်းအဝေးတွင် တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

**ယုံကြည်မှုတည်ဆောက်**

ယနေ့ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အဓိကတော့ ရှမ်းပြည်တိုးတက်ရေးပါတီနဲ့ နှစ်ဖက်သဘောတူညီချက်တွေ ထိုးထားတာရှိတယ်။ ဒီကြားထဲမှာ ယုံကြည်မှုတည်ဆောက်တာနဲ့ ပတ်သက်ပြီး လုပ်ပေးထားတာတွေရှိတယ်။ ဥပမာ ဝမ်ဟိုင်းဒေသမှာ ဆက်သွယ်ရေးမိုဘိုင်းကွန်ရက်ရဖို့ MPT ဆက်သွယ်ရေးတိုင် တည်ဆောက်ပေးထားတာ ရှိတယ်။ နောက်တစ်ခု မီးသတ်ကား၊ လျှပ်စစ်မီးဒါတွေ တော်တော်များများဆောင်ရွက်ထားပြီးပါပြီ။ ဒီနေ့ဆွေးနွေးပွဲမှာ SSPP က လူထုရဲ့ တောင်းဆိုချက်တွေ၊ လိုလားချက်တွေ တင်ပြတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့ NRPC အကြီးအကဲတွေဆီ တင်ပြပြီး အမြန်ဆုံးအကြောင်းပြန်သွားမှာပါ။

နောက်တစ်ချက်က SSPP ဘက်က ဖမ်းဆီးခံထားရတဲ့သူတွေ၊ အကျဉ်းကျခံနေရသူတွေကို အစိုးရဘက်က တော်တော်များများ လုပ်ပေးထားတာရှိပါတယ်၊ အထူးသဖြင့်ကတော့ ဒေသဖွံ့ဖြိုးရေး၊ အကျဉ်းကျခံနေရသူတွေ ကိစ္စ ယုံကြည်မှု တည်ဆောက်ဖို့ဆိုပြီး အစိုးရက လုပ်နေတာတွေရှိတယ်၊ ဒီနေ့သူတို့ တင်ပြတာတွေကို ဆက်ပြီး တင်ပြဖို့ ရှိပါတယ်။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေး**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ SSPP အနေနဲ့ ဘယ်လိုရှေ့ဆက် ဆောင်ရွက်မလဲ ဆိုတာကိုလဲ ကျွန်တော်တို့ နှစ်ဖက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်၊ SSPP ဘက်က NCA ထိုးဖို့ စိုးရိမ်ချက်တွေရှိတယ်။ ဒါတွေကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ပါတယ်။ တနင်္လာနေ့ကျရင်တော့ နေပြည်တော်မှာပဲ တပ်မတော်နဲ့ ဆက်ပြီး ဆွေးနွေးမယ်။ အဲဒီနေ့ကျရင် တပ်ပိုင်းဆိုင်ရာ ကိစ္စတွေပေါ့။ ဒီနေ့မှာတော့ တပ်ပိုင်းဆိုင်ရာ ကိစ္စတွေမပါဘူး။ အခု SSPP နဲ့ တွေ့ဆုံတာ တရားဝင်တွေ့ဆုံတာဖြစ်ပါတယ်။ တပ်မတော်ကနေ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ကြေညာတဲ့ ထုတ်ပြန်ကြေညာချက်အရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ NRPC နဲ့ ဆွေးနွေးမယ်၊ လိုအပ်ရင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်တဲ့အဖွဲ့နဲ့ ဆွေးနွေးနိုင်တယ်ဆိုတဲ့ အပစ်ရပ် လေးလတာကာလ ကြေညာထားတာရှိတယ်။ ကြေညာပြီးတဲ့နောက်ပိုင်းမှာ အလွတ်သဘောတွေ့နေတာတွေကတော့ အဖွဲ့တွေအများကြီးနဲ့ တွေ့နေတာရှိပါတယ်။ တရားဝင်ဆွေးနွေးပွဲအနေနဲ့တော့ SSPP ဟာ ပထမဆုံးဖြစ်ပါတယ်။ ဒီနေ့ တွေ့ဆုံမှုမှာတော့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲဟာ ကောင်းမွန်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်" ဟုပြောသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ အဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ရှမ်းပြည်တိုးတက်ရေးပါတီဘက်မှ ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်၊ စဝ်တွန်းခမ်း၊ စဝ်ဖုန်းဟန်တို့ တက်ရောက်ကြသည်။

**မျိုးမြင့်(သတင်းစဉ်)**



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# Line Walker -2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ရန်ကုန်မြို့လယ်ကောင်ရှိ ဆူးလေဘုရားလမ်းမကြီးပေါ်တွင် ရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

Line Walker -2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ဆူးလေဘုရားလမ်းမကြီးပေါ်၌ ရိုက်ကူးသည်။

နံနက် ၆ နာရီခန့်မှ စတင်ပြီး ညနေ ၅ နာရီခန့်အထိ ရိုက်ကူးရေးအတွက် ဇာတ်ဝင်ခန်း အပြင်အဆင်များနှင့်အတူ အက်ရှင်ဇာတ်ဝင်ခန်းအချို့ကို ရိုက်ကူးရေးအဖွဲ့သားများက အချိန်ယူရိုက်ကူးကြသည်။



Line Walker -2 အက်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေမှုကို ပြည်သူများ လာရောက်ကြည့်ရှုလေ့လာနေကြစဉ်။

သရုပ်ဆောင် မင်းရာဇာ က "ဒီနေ့ကတော့ မြို့လယ်ကောင်မှာ သေနတ်တွေနဲ့ ပစ်ကြတဲ့အခန်းတွေ ရိုက်ကြတာပါ။ သူတို့ယူလာတဲ့ Movie Gun တွေက တော်တော်ကောင်းတယ်။ အဲဒီသေနတ်တွေနဲ့ မပစ်ခင်မှာ မိုလောင်းထားတဲ့ ပုံစံတူသေနတ်တွေနဲ့ လေ့ကျင့်မှုတွေ အရင်လုပ်တယ်။ သရုပ်ဆောင်မှုအပိုင်းကို သေနတ်မှန်တာကအစ ဒါရိုက်တာက မကြိုက်မချင်း ၁၂ ကြိမ်လောက်ပြန်ရိုက်တယ်။ ဒီနေ့ကတော့ ဒုစရိုက်ဂိုဏ်း အဖွဲ့အနေနဲ့ ပစ်ခတ်ကြတာပါ။ ကျွန်တော်တို့ကတော့ အဖွဲ့ဘီမှာ ပါတာပါ။ နောက်ထပ်လေးရက်လောက် ဒီနေရာမှာ ထပ်ပြီးရိုက်ကြမှာပါ" ဟု ပြောသည်။

ယနေ့ ရိုက်ကူးရာတွင် ဒုစရိုက်ဂိုဏ်း အဖွဲ့သားများနှင့် ရဲတပ်ဖွဲ့တို့ အပြန်အလှန် သေနတ်ပစ်ခတ်မှုများ၊ ရဲတပ်ဖွဲ့ဝင်ကို မော်တော်ယာဉ်ဖြင့် ဝင်ရောက်တိုက်ခိုက်မှုများ စသည့် ဇာတ်ဝင်ခန်းများ ပါဝင်သည်။

လာရောက် လေ့လာကြည့်ရှုသူ သရုပ်ဆောင် အံ့သစ်ကျော်က "ဒီရိုက်ကွင်းဟာ ကျွန်တော်တို့အတွက် လေ့လာသင်ယူမှု အပိုင်းတစ်ခုပါ။ ရုပ်ရှင်တစ်ကားကို ထုတ်လုပ်တဲ့အခါမှာ စီမံခန့်ခွဲမှုအပိုင်းတွေကိုလည်း အများကြီးတွေ့ရတယ်။ ကျွန်တော့်အတွက်ကတော့ လက်တွေ့လုပ်ငန်းခွင် တစ်ခုလိုပါပဲ။ ရုပ်ရှင်လောကသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာတယ်။ ဒီလို နိုင်ငံတကာအဆင့်မီ ကုမ္ပဏီနဲ့ ပြည်တွင်း ရုပ်ရှင်ကုမ္ပဏီတစ်ခုသာ ပူးပေါင်းပြီး ရိုက်ခွင့်ရမယ်၊ ကိုယ့်နိုင်ငံက သရုပ်ဆောင်တွေလည်း ပါဝင်ခွင့်ရမယ်ဆိုရင် ပိုပြီးတော့ကောင်းမယ်။ အခုလို လာရောက် ရိုက်ကူးတဲ့အတွက် ကျွန်တော်တို့ နိုင်ငံရဲ့ ပုံရိပ်ကိုမြှင့်တင်ပေးနိုင်မယ်လို့ မြင်မိပါတယ်"ဟု ပြောသည်။

**"ကျွန်တော့်အတွက်ကတော့ လက်တွေ့လုပ်ငန်းခွင် တစ်ခုလိုပါပဲ။ ရုပ်ရှင်လောကသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ရလာတယ်။ ဒီလိုနိုင်ငံတကာအဆင့်မီကုမ္ပဏီနဲ့ ပြည်တွင်း ရုပ်ရှင်ကုမ္ပဏီတစ်ခုသာ ပူးပေါင်းပြီး ရိုက်ခွင့်ရမယ်၊ ကိုယ့်နိုင်ငံက သရုပ်ဆောင်တွေလည်း ပါဝင်ခွင့်ရမယ်ဆိုရင် ပိုပြီးတော့ ကောင်းမယ်။ အခုလို လာရောက်ရိုက်ကူးတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကိုမြှင့်တင်ပေးနိုင်မယ်လို့ မြင်မိပါတယ်"**

အမှတ် (၄၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ကျောက်တံတားတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စန်းဦးက "ရိုက်ကူးရေးနဲ့ ပတ်သက်လို့ လမ်းပိတ်လမ်းလွှဲတွေကို ဆောင်ရွက်ပေးနေပါတယ်။ အနော်ရထာလမ်းကိုပိတ်ပြီးတော့ ဆူးလေလမ်းကို ဖြတ်သန်းခွင့်မပေးပါဘူး။ အနော်ရထာလမ်းဆုံပွိုင့်ကနေ ပိတ်ပြီးတော့ ရွှေဘုံသာလမ်းကိုပိတ်ပြီး အနော်ရထာလမ်းအတိုင်း လွှဲထုတ်ထားပါတယ်။ လိုင်းကားတွေရော၊ ကိုယ်ပိုင်ကားတွေရော သွားလာရေး အဆင်ပြေအောင် စီစဉ်ဆောင်ရွက် ပေးထားပါတယ်။ ယာဉ်ကြော ရပ်တန့်သွားတာမျိုး မရှိပါဘူး။ လာရောက်ကြည့်ရှုတဲ့ ပရိသတ်များတာကြောင့် ယာဉ်သွားလာမှု အခက်အခဲ အနည်းအပါးတော့ ဖြစ်ခဲ့ပါတယ်" ဟု ပြောသည်။

ကျောက်တံတားမြို့နယ် နေသူ ယာဉ်မောင်း ဦးသိန်းတန်က "ယာဉ်ကြောကတော့ နည်းနည်းကျပ်တယ်။ ဒါကြောင့် လမ်းရှင်းတဲ့နေရာကနေ လှည့်ပြီးသွားရတာပေါ့။ ဒါပေမယ့် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကားကြီးကို ကိုယ့်နိုင်ငံမှာ လာရောက်ရိုက်ကူးနေတာဆိုတော့ ဂုဏ်ယူတယ်။ သူတို့လုပ်ကိုင်တာတွေနဲ့ ပစ်ခတ်တာတွေကိုကြည့်ရတယ်။ တစ်ခါမှမမြင်ဖူးတဲ့အရာတွေကိုမြင်ရတော့ ကြည့်ရတာ တန်တယ်။ ကိုယ့်နိုင်ငံက ဇာတ်ကားတွေကိုလည်း အဲဒီလိုဖြစ်စေချင်တယ်" ဟုပြောသည်။



သရုပ်ဆောင် အံ့သစ်ကျော်



ဦးသိန်းတန်

ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားလမ်းမကြီးပေါ်၌ ရိုက်ကူးရာတွင် စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုသူ အများအပြားရှိခဲ့သည်။ အဆိုပါဇာတ်ကားကို ယနေ့မှ စတင်၍ ဖေဖော်ဝါရီ ၂၆ ရက်အထိ ယင်းနေရာ၌ ရိုက်ကူးသွားမည်ဖြစ်ပြီး ထိုသို့ရိုက်ကူးရာတွင် အပြန်အလှန် သေနတ်ပစ်ခတ်မှု၊ မော်တော်ကားများ ပြိုင်မောင်းနှင်မှု စသည့် ဇာတ်ဝင်ခန်းများကို ရိုက်ကူးသွားမည်ဟု သိရသည်။

ရိုက်ကူးနေစဉ် ကာလအတွင်း သက်ဆိုင်ရာမှ ကြိုတင်အသိပေးကြေညာထားသည့်အတိုင်း အဆိုပါနေရာအနီး၌ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်လမ်းကြောင်းများအတိုင်း လမ်းပိတ်၊ လမ်းလွှဲများပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်း လမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူသွားလာမှု အဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါ ရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။

**သတင်း - ဇော်ကြီး၊**
**ဓာတ်ပုံ-လှမိုး**





Line Walker -2 အက်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေမှုကို တွေ့ရစဉ်။

# လှည်းကူးနှင့် မောင်တောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လှည်းကူးမြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် ဆားတလင်းလမ်းဆုံ၌ ဖေဖော်ဝါရီ ၂၀ ရက် ည ၁၀ နာရီခန့်က လှည်းကူးမှ ဒါးပိန်ဘက်သို့ ကျော်နိုင်ဦး(ခ)ကျုံးကျင်လု(၂၃နှစ်) ပေါက်စောက်ကျေးရွာ လှည်းကူးမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို သတင်းအရ ပူးပေါင်းအဖွဲ့က ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား ဖမ်းဆီးရမိခဲ့ပြီး စစ်မေးဖော်ထုတ်ချက်အရ လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအနီးရှိ ကြက်ခြံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ယင်းနေရာအား သွားရောက်ရှာဖွေစဉ် အဆိုပါနေရာမှ အောင်ဇော်ဦး(ခ)အားဝေ (၆)ရပ်ကွက် တာမိုးညဲ ကွတ်ခိုင်မြို့နယ်နေသူ မောင်းနှင်လာသည့် YGN 5I/------ ကလူဂါယာဉ်ကို တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ အိုက်စ်ဘလောက်တုံး ၁၉၉ တုံး၊ ၆၇ ဒသမ ၆၆ကီလို (၁ကီလိုလျှင် ၈၀၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၄၁၂၈၀၀၀၀) အား ဖမ်းဆီးရမိခဲ့သဖြင့် ဒါးပိန်နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိခဲ့သည်။

အလားတူ မောင်တောမြို့နယ် နယ်မြေ(၃)အတွင်း ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီခန့်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ချောင်းရိုးလျှိုအတွင်းမှ တောတိုးသံနှင့် စကားပြောသံများကြားရ၍ သွားရောက်ရှင်းလင်းရာ လူများရှာဖွေတွေ့ရှိခြင်းမရှိဘဲ လျှိုအတွင်း၌ ပုဆိုးဖြင့် ထုပ်ပိုက်ထားသည့် အထုပ်သုံးထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၀၀ (တစ်ပြားလျှင် ၂၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၄၈၀၀၀၀၀၀)အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**





ကျော်နိုင်ဦး(ခ)ကျုံးကျင်လုနှင့် အောင်ဇော်ဦး(ခ)အားဝေတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာမိန်းကလေးသုံးဦးအား တရုတ်ယောကျ်ားသုံးဦးထံ ရောင်းစားခဲ့သူကို ထောင်ဒဏ် နှစ် ၃၀ ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာမိန်းကလေး သုံးဦးအား တရုတ်ယောကျ်ားသုံးဦးထံ ရောင်းစားခဲ့သူ မဖြူ(ခ)အိဖြူ(ခ)အေးစိန်အား မန္တလေးခရိုင် တရားရုံးက ဖေဖော်ဝါရီ ၁၉ ရက်တွင် ထောင်ဒဏ်နှစ် ၃၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ နောင်မွန်ကျေးရွာနေ မဖြူ(ခ)အိဖြူ(ခ)အေးစိန်သည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ မ---- အား လားရှိုးမြို့ရှိ စတိုးဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တရုတ်အမျိုးသားတစ်ဦးထံသို့ ရောင်းစားခဲ့မှုကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း၌ (ပ)၁၁၇/၂၀၁၈ဖြင့် လည်းကောင်း၊ ထို့အတူ အောင်မြေသာစံမြို့နယ်နေ မ---- အား လားရှိုးမြို့ရှိ စတိုးဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် တရုတ်ယောကျ်ားတစ်ဦးထံသို့ ရောင်းစားခဲ့မှုအား (ပ)၁၅၂/၂၀၁၈ ဖြင့် လည်းကောင်း။

အလားတူ ဝမ်းတွင်းမြို့နယ်နေ မ---- အား လားရှိုးမြို့ရှိ စတိုးဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ ၂၀၁၇ ခုနှစ် မတ်လတွင် တရုတ်အမျိုးသားတစ်ဦးထံသို့ ရောင်းစားခဲ့မှုအား (ပ)၃၃၃/၂၀၁၈ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူခဲ့ပြီး မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မဖြူ(ခ)အိဖြူ(ခ)အေးစိန်အား မန္တလေးခရိုင် တရားရုံးမှ ရာကြီးအမှုအမှတ် ၂၈၉/၂၀၁၈ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ရာကြီးအမှုအမှတ် ၉၃/၂၀၁၈ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ရာကြီးအမှုအမှတ် ၁၇၈/၂၀၁၈ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် စုစုပေါင်း ထောင်ဒဏ် နှစ် ၃၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော စက်သုံးဆီများ သိမ်းဆည်းရမိ

**ဘားအံ ဖေဖော်ဝါရီ ၂၂**

ဘားအံမြို့မရဲစခန်းက ဖေဖော်ဝါရီ ၁၉ ရက်က အမှတ်(၉) ရပ်ကွက် မဲဘောင်တံတားအနီး၌ FUSO အမျိုးအစားယာဉ်ပေါ်၌ တရားမဝင်သယ်ဆောင်လာသည့် ဂါလန် ၅၀ ဆံ့ ဒီဇယ်ပီပါ ၄၀ ၊ ဓာတ်ဆီပီပါ ၂၅ လုံး၊ HINO ခြောက်ဘီးယာဉ်ပေါ်မှ ဒီဇယ်ပီပါ ၅၀၊ ဓာတ်ဆီပီပါ ၂၅ လုံးနှင့် ရွှေဂွန်းနယ်မြေရဲစခန်းမှ ဘားအံ-မြိုင်ကြီးငူသွားကားလမ်းတွင် Candar အမျိုးအစားယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာသည့် ဂါလန် ၅၀ ဆံ့ ဒီဇယ်ပီပါ ရှစ်လုံး၊ ဓာတ်ဆီပီပါ ကိုးလုံးတို့ကို ရှာဖွေတွေ့ရှိ သဖြင့် ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၀ ရက်က လှိုင်းဘွဲမြို့မရဲစခန်းက ဒိုင်းပြကျေးရွာနှင့် ချမ်းသာကျေးရွာသွား ကားလမ်းမပေါ်၌ ဒိုင်နာယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာသည့် ဂါလန် ၅၀ ဆံ့ ဒီဇယ်ပီပါ ၁၀ လုံး၊ ကျုံဒိုးနယ်မြေရဲစခန်းမှ ကျုံဒိုး-ကော့ကရိတ်ကားလမ်းဘေး ဆိုင်အတွင်းမှ တရားမဝင် ရောင်းချနေသော ဂါလန် ၅၀ ဆံ့ ဓာတ်ဆီပီပါ ၁၃ လုံးနှင့် ထီလုံနယ်မြေရဲစခန်းမှ ထီလုံး-တာပေါင်ကားလမ်းတွင် Canda ယာဉ်ပေါ်မှ တရားမဝင်တင်ဆောင်လာသော ဂါလန် ၅၀ ဆံ့ ဓာတ်ဆီပီပါ ရှစ်လုံး၊ ဒီဇယ်ပေပါ ခုနစ်လုံးတို့ကို ရှာဖွေတွေ့ရှိသဖြင့် လှိုင်းဘွဲမြို့မရဲစခန်း၊ ကျုံဒိုးနယ်မြေရဲစခန်းနှင့် ထီလုံနယ်မြေရဲစခန်းတို့၌ အမှုဖွင့် အရေးယူထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကသာ၊ အောင်လံ၊ အောင်မြေသာစံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၅ နာရီခွဲက ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူးအနီးတွင် မင်းသူနှင့် ဝါဆိုတို့အတူမောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂၀၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၅)မကွေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်လံမြို့ တရော်ကုန်းရပ်ကွက် တိုးချဲ့ (၆)နေ မမေလွင်အောင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၆ ပြား၊ ငွေကျပ် ၄၇၀၀၀နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၁နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် သီရိမာလာ(အရှေ့)ရပ်ကွက်၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြား၊ ၂၃ လမ်းထောင့်၌ လှမျိုးအောင်(ခ) လူပျိုကြီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၂-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - Weekly Sport Info
- ၈း၃၅ - "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း"
- ၈း၅၀ - "Line Walker-2မှသည်" (အပိုင်း-၃)
- ၉း၄၀ - မြစ်မခမီဒီယာ "စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့"
- ၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၂၄) "ဆွေသဟာ ဟိုတယ်လူသတ်မှု" (ဇာတ်သိမ်း)
- ၁၄း၂၀ - ဟိုတုန်းက....ကက်ဆက် ဇာတ်လမ်းများ "ကိုဗထူး၊ မဦးခင်၊ တင်မောင်မောင်"
- ၁၅း၅၀ - ၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (ဘောဂဗေဒဘာသာရပ်)

**ညပိုင်း**

- ၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (သမိုင်းဘာသာရပ်)
- ၁၇း၂၀ - NHK Programme "The Way of Professional" (မြို့အောက်မှ ဥမင်လိုဏ်ခေါင်း ဖောက်ကြသူများ)
- ၁၈း၂၅ - Tasty Trip
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ "ရှေးမြန်မာအုတ်ကျောင်းတော်ကြီးများ" (အောင်မြေသာစည် ထေရာသနကျောင်းတိုက်)

## အုတ်တွင်းမြို့အနောက် ၃၂ မိုင် စိမ်ရေမြောင်တောထဲတွင် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိ

**အုတ်တွင်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အုတ်တွင်း-ပေါက်ခေါင်းကားလမ်း ၃၂ မိုင်ခန့် စိမ်ရေမြောင်တောအတွင်း၌ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး သေဆုံးလျက် တွေ့ရှိရကြောင်း သတင်းအရ အုတ်တွင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ချစ်ကိုကို ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဖိုးဝင်း(ခ)ပေါက်စ မရမ်းကုန်းကျေးရွာနေသူဖြစ်ကာ ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည့်အတွက် ဖြစ်စဉ်အား ဆက်လက်စုံစမ်းခဲ့ရာ သေဆုံးသူ ဖိုးဝင်း(ခ)ပေါက်စနှင့် တဲနီးချင်းအတူနေထိုင်သူ ဇော်ဦး အနောက်ဘိုကုန်းကျေးရွာနေသူအား စစ်ဆေးရာ ၎င်း၏ထွက်ဆိုချက်များအရ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခန့်က တဲ၌ နှစ်ဦးအတူတူရှိနေစဉ် လှဦးနှင့် သန်းခိုင်ဦးတို့ လှေဖြင့်ရောက်ရှိလာခဲ့ကြောင်း။

၎င်းတို့နှစ်ဦးမှ ယခင်နေ့က ဟင်းသီးဟင်းရွက်ဝယ်ယူရန် ငွေကျပ် ၅၀၀၀ ပေးလိုက်သော်လည်း ယူဆောင်လာသည့် ဟင်းသီးဟင်းရွက်မှာ နည်းနေသည့်အတွက် ဖိုးဝင်း(ခ)ပေါက်စနှင့် လှဦးတို့ ဆဲဆိုစကားများခဲ့ကြကြောင်း၊ ယင်းနောက်လှဦးနှင့် သန်းခိုင်ဦးတို့ နှစ်ဦး လှေဖြင့်ပြန်ထွက်သွားခဲ့ကြပြီး ည ၉ နာရီခွဲခန့် လှဦး၏ကျွဲများကိုကျွေးရန် ဖွဲနုအိတ်ကို လှေဖြင့်တင်၍ လာရောက်ပို့ဆောင်ပေးခဲ့ကြောင်း၊ ခဏအကြာတွင် လှဦးနှင့် သန်းခိုင်ဦးတို့ နှစ်ဦး ပြန်ရန်ပြင်စဉ် ဖိုးဝင်း(ခ)ပေါက်စက သူလည်းလိုက်မည်ဟု ပြောဆိုရာမှ စကားအခြေအတင်ဖြစ်ကာ ဖိုးဝင်း(ခ)ပေါက်စက ဆဲဆိုပြီး အနီးရှိတုတ်ဖြင့် ပြေးရိုက်ခဲ့ရာ သန်းခိုင်ဦးက တုတ်အားလုယူကာ ဖိုးဝင်း(ခ)ပေါက်စ၏ ဦးခေါင်းကို ဆက်တိုက်ရိုက်ခဲ့၍ မှောက်လျက်လဲကျသွားစဉ် လှဦးက အသင့်ကိုင်ဆောင်ထားသည့် ငှက်ကြီးတောင်ဓားဖြင့် နောက်ကျောကို တစ်ချက်ထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ သန်းခိုင်ဦးနှင့် လှဦးတို့ကို အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်**

## အင်္ဂပူမြို့နယ်၌ သစ်တင်ကားတစ်စီး တံတားပေါ်မှ ဖြတ်သန်းစဉ် တံတားကျိုးကျပြီး လူခြောက်ဦးသေဆုံး

**အင်္ဂပူ ဖေဖော်ဝါရီ ၂၂**

အင်္ဂပူမြို့နယ် ထူးကြီးမြို့ ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ မမြဖောက်ချောင်းတံတားတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁ နာရီခန့်က တံတားပေါ်သို့ သစ်တင်ကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျပြီး ကားပေါ်တွင် လိုက်ပါလာသော အလုပ်သမား ခြောက်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့နယ် စပါးအိုးကျေးရွာမှ သစ်များတင်ဆောင်ပြီး အလုပ်သမား ၁၀ ဦး လိုက်ပါလာသော ယာဉ်မောင်း တင်မောင်ဆွေ မောင်းနှင်သည့် ခြောက်ဘီးယာဉ်သည် ထူးကြီး- ရွှေကျင်လမ်းပေါ်ရှိ မမြဖောက်ချောင်းသစ်သားတံတားပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျမှုကြောင့် ကားပေါ်တွင် လိုက်ပါလာသော အလုပ်သမား ၁၀ ဦးအနက်မှ ခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ သုံးဦးအား ထူးကြီးမြို့ပြည်သူ့ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်ဆေးကုသပေးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း တင်မောင်ဆွေကို ထူးကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## မိတ္ထီလာမြို့ ဝန်ဇင်းဟိုတယ်၌ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၂**

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ဝန်ဇင်းဟိုတယ်တွင် ဖွင့်လှစ်ထားသည့် ပန်းလေပြေကာရာအိုကေဆိုင်၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီခွဲက ဝိုင်ယာကြိုးများ အပူလွန်ကဲ၍ မီးလောင်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ကြောင်းသတင်းအရ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် သန္နေတပ်ဖွဲ့ဝင် ၄၅ ဦးတို့သည် အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီး စုစုပေါင်း ၁၁ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် မျက်နှာကြက်အတွင်းရှိ ဝိုင်ယာကြိုးများနှင့် DISCO Light မီးအား သွယ်တန်းထားသည့် ဝိုင်ယာကြိုးများ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောသည်။ အဆိုပါမီးလောင်မှုဖြစ်ပွားသည့် ပန်းလေပြေကာရာအိုကေဆိုင် မန်နေဂျာ ဦးဝင်းဆန်းကို မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**( ၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။"

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၄။ (က) ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

# မြင်းခြံပြည်သူ့ဆေးရုံ သုံးထပ်အဆောက်အဦသစ် လှူဒါန်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**မြင်းခြံပြည်သူ့ဆေးရုံ သုခိတာ သားဖွား၊ မီးယပ်နှင့် မွေးကင်းစကလေး ကုသဆောင် သုံးထပ်အဆောက်အဦသစ် လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံပြည်သူ့ဆေးရုံ၌ ကျင်းပသည်။** (ယာပုံ)




ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ အလှူရှင် သုခိတာမိသားစု ဒေါ်ချိုချိုဝင်းနှင့် ဒေါ်တင်အေးသန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ကုသဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သုံးထပ်အဆောက်အဦသစ် လှူဒါန်းခြင်းသည် ပြည်သူများ အထူးသဖြင့် ကိုယ်ဝန်ဆောင်များ၊ အမျိုးသမီးများ၊ မိဘများအတွက် အထူးအကျိုးရှိမည်ဖြစ်သဖြင့် ကျေးဇူးတင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုသဆောင်သစ်တွင် လိုအပ်မည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးလျက်ရှိပြီး ထပ်မံလိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ဆေးရုံမှ တာဝန်ရှိသူများ၊ ဆေးရုံအထောက်အကူပြု ကော်မတီဝင်များအနေဖြင့် ဆေးရုံကြီး ဘက်စုံပိုမိုကောင်းမွန်တိုးတက်ရေးကို မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ သဘောထားကာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ယနေ့လှူဒါန်းသည့် အဆောင်သစ် အပါအဝင် ဆေးရုံတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးရုံမှ တာဝန်ရှိသူများ၊ ဆေးရုံအထောက်အကူပြု ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး သုံးထပ်ဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင် သုခိတာမိသားစု ဒေါ်ချိုချိုဝင်းက ရှင်းလင်းပြောကြား၍ မြင်းခြံပြည်သူ့ဆေးရုံ အထောက်အကူပြု ကော်မတီဝင် ဦးဌေးဝင်းနှင့် ဆေးရုံအုပ် ဒေါက်တာထွန်းဝင်းတို့က လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းခြံပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြု ပညာရှင်များနှင့် တွေ့ဆုံ၍ ဆေးရုံဘက်စုံ ပိုမိုကောင်းမွန်တိုးတက်ရေး ဆွေးနွေးရာ ဆေးရုံမှ တာဝန်ရှိသူများက ဝန်ကြီးဌာနမှ ပံ့ပိုးပေးခဲ့သည့် ဆေးနှင့် ဆေးပစ္စည်း ကိရိယာများ၊ အဆောက်အဦပိုင်းဆိုင်ရာများနှင့် ထပ်မံလိုအပ်သည်များကို တင်ပြကြရာ တာဝန်ရှိသူများနှင့် စီစဉ်ဖြည့်ဆည်းပေးသည်။

ယနေ့လှူဒါန်းသည့် သားဖွား၊ မီးယပ်နှင့် မွေးကင်းစကလေးကုသဆောင် သုံးထပ်အဆောက်အဦနှင့် ပရိဘောဂ ပစ္စည်းများကို သုခိတာမိသားစု ဖခင် ဦးရှိန်၊ မိခင် ဒေါ်ပုလေးနှင့် သမီး ဒေါ်ချိုချိုဝင်းနှင့် ဒေါ်တင်အေးသန့်တို့ မိသားစုမှ ငွေကျပ် သိန်းပေါင်း ၆၀၀၀ ခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းပြီး ၂၀၁၈ ဒီဇင်ဘာ ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

# ကမ္ဘာ့ကင်းထောက်အဖွဲ့တည်ထောင်သူ မွေးနေ့၊ ကင်းထောက်ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**



**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ကမ္ဘာ့ကင်းထောက်အဖွဲ့တည်ထောင်သူမွေးနေ့နှင့် ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကင်းထောက်အဖွဲ့စတင်တည်ထောင်သူ လော့ဒ်ဗေဒင်ပါဝဲလ် မွေးနေ့ (Founder's Day) အခမ်းအနားနှင့် ကင်းထောက် ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တိုးတက်တည်တံ့ရန် ကျေးဇူးပြုကြသူများအနက် အချို့ကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နာယက၏ ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်နိုင်ခြင်းသည် ထူးခြားသည့် သမိုင်းဝင်မှတ်တမ်းတင်ရမည် ဖြစ်ကြောင်း၊ ကင်းထောက်အဖွဲ့ကြီးသည် အများအကျိုးပြု လူမှုလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်သည့်နေရာတွင် ယခုအခါ တစ်နေ့တခြား အရေးပါလာသည်ကို တွေ့ရပြီး နိုင်ငံ့အတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနေသည်ဆိုသည့် မွန်မြတ်သည့်လုပ်ငန်းဖြစ်၍ ကင်းထောက်မောင်မယ်များအား ဂုဏ်ပြုချီးကျူးပါကြောင်း။

အများအကျိုးအတွက် အဆင်သင့်ရှိပြီး လုပသောနှလုံးသားဖြင့် လောကကို စေတနာပန်းများဖြင့် အလှဆင်ကြမည့် ငြိမ်းချမ်းရေး၏ သံတမန်များအဖြစ် ကြိုးပမ်းအားထုတ်နေကြသော ကင်းထောက်အဖွဲ့အစည်းနှင့် ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ်လူငယ်များသည် နိုင်ငံနှင့် လူမျိုးအကျိုး ပိုမိုထမ်းဆောင်ကြိုးစားဆောင်ရွက်နိုင်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကမ္ဘာ့ကင်းထောက်အဖွဲ့စတင်တည်ထောင်သူ လော့ဒ်ဗေဒင်ပါဝဲလ် မွေးနေ့ (Founder's Day) သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဂုဏ်ထူးဆောင်ဆုနှင့် စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခြင်းဆိုင်ရာများကို လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကင်းထောက်ကြီး ဒေါက်တာသန်းဦး၊ ဦးတင်လှိုင်နှင့် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုတို့က ကင်းထောက်လုပ်ငန်းများအား အသက် (၈၀)ကျော်သည်အထိ ချီးမြှင့်စောင့်ရှောက်နေသော ကင်းထောက်ကြီးများ၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် (၂၆) ကြိမ်မြောက် အာရှပစိဖိတ် ကင်းထောက်ညီလာခံတွင် မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင်ရရှိသူ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး၊ အာရှပစိဖိတ်ကင်းထောက်အဖွဲ့မှ ဂုဏ်ပြုဆုရသည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကင်းထောက်လုပ်ငန်းစဉ်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဘက်စုံစွမ်းဆောင်ရည် ထူးချွန်သူတစ်ဦး၊ ကင်းထောက်လုပ်ငန်းစဉ်များအတွက် ဂီတအနုပညာ စွမ်းဆောင်ရည်ထူးချွန်သူတစ်ဦး၊ အထက်မြန်မာပြည် ကင်းထောက်သင်တန်းများကို တာဝန်ယူလေ့ကျင့်သင်ကြားပေးသည့် ထူးချွန်သူတစ်ဦး၊ ကင်းထောက်လူငယ်များ စွမ်းဆောင်ရည်ထူးချွန်သည့် လူငယ်ခေါင်းဆောင် သုံးဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ မိတ်ဖက်အဖွဲ့အစည်း Habitat for Humanity မှ International Asia-Pacific Region Programme Support Manager, Ms.Amelia Esterban က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သိရသည်။ **သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့်ရှိနိုင်သည်။

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ရုရှားနိုင်ငံက နိုင်ငံတကာအာကာသစခန်းသို့ ယာဉ်မှူးများလိုက်ပါသည့် အာကာသလွန်းပျံယာဉ် လွှတ်တင်မည်



အာကာသစခန်းသို့ လိုက်ပါလာမည့် အာကာသယာဉ်မှူးသုံးဦးကိုတွေ့ရစဉ်။

**မော်စကို ဖေဖော်ဝါရီ ၂၂**

ရုရှားနိုင်ငံက ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် အခြားနိုင်ငံတကာ အာကာသယာဉ်မှူးနှစ်ဦးတို့ကို ဆိုယု အမ်အက်စ်-၁၂ အာကာသလွန်းပျံယာဉ်ကို အသုံးပြုကာ မတ်လ ၁၄ ရက်တွင် ကာဇက်စတန်နိုင်ငံမှ နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ပါဝင်မည့်သူများမှာ ရုရှားအာကာသယာဉ်မှူး အဲလက်ဇီအိုဗာချင်နင်နှင့် အမေရိကန် နာဆာ အာကာသယာဉ်မှူးများဖြစ်သော နစ်ခ်ဟက်နှင့် ခရစ်စတီနာကော့ခ်တို့ဖြစ်သည်။ ၎င်းတို့သည် မော်စကိုမြို့တွင် ခရီးစဉ်နှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၂၁ ရက်က သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့သည်။

ရုရှားအာကာသယာဉ်မှူး အလက်ဇန်ဒါ စကော့တ်ဆော့ဗ်၊ ဥရောပအာကာသအေဂျင်စီမှ လူကာပါမီတာနိုနှင့် နာဆာအာကာသယာဉ်မှူး အန်ဒရူးမော်ဂန်တို့လည်း အရန်အာကာသယာဉ်မှူးများအဖြစ် အသင့်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ အာကာသယာဉ်မှူးများသည် သိပ္ပံဆိုင်ရာ လက်တွေ့စမ်းသပ်မှုများနှင့် မြေကမ္ဘာပေါ်မှ အရာဝတ္ထုများ အာကာသယာဉ်ပေါ်တွင် မည်သို့ သက်ရောက်မှုရှိပုံကို စမ်းသပ်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားအာကာသယာဉ်မှူး အော့ဗ်ချီနင်က ပြောသည်။

ခရီးစဉ်၏ အရေးကြီးဆုံး စိတ်လှုပ်ရှားစရာအဖြစ်ဆုံးအပိုင်းအဖြစ် အာကာသယာဉ်မှူးများသည် မေလတွင် အာကာသအတွင်း လမ်းလျှောက်မှုတစ်ခု ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အမျိုးသမီးအာကာသယာဉ်မှူးကော့က ၎င်းအနေဖြင့် အခြားအမေရိကန် အာကာသယာဉ်မှူးတစ်ဦးနှင့်အတူ ဂြိုဟ်ပတ်လမ်းအတွင်း အာကာသလမ်းလျှောက်ရန် အစီအစဉ်ရှိ မရှိကို အတည်ပြုပြောကြားခြင်း မရှိပေ။ သို့သော်လည်း ကော့က ၎င်းအနေဖြင့် ကောင်းစွာလေ့ကျင့်ထားကြောင်းနှင့် မည်သည့်အာကာသယာဉ်မှူးနှင့်မဆို အာကာသလမ်းလျှောက်ရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အိုဗာချင်နင်နှင့် ဟိတ်တို့သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့သွားရောက်ရန် စီစဉ်ခဲ့သော်လည်း ထိုစဉ်က အာကာသဒုံးပျံလွှတ်တင်စဉ် ဒုံးပျံထိပ်ဖူးစက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် မအောင်မြင်ခဲ့ရာ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရသည်။

**ဆင်ဟွာ**

## မဟာမိတ်တပ်ဖွဲ့များက အိုင်အက်စ်လက်ကျန်များကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂**

ဆီးရီးယားနိုင်ငံရှိ နောက်ဆုံးလက်ကျန် အိုင်အက်စ်စစ်သွေးကြွများ ခြေကုပ်ယူထားသည့် နယ်မြေတွင် ပိတ်မိနေသည့် အရပ်သားများကို ကာ့ဒ်ပူးပေါင်းအဖွဲ့က ကယ်ထုတ်ရန် ကြိုးစားပြီးနောက် မဟာမိတ်တပ်ဖွဲ့က လေကြောင်း တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ ဘတ်ဟက်ရွာမှ အရပ်သား ၂၀၀၀ ခန့်ကို ကယ်ထုတ်ခဲ့ပြီး နောက်တစ်နေ့တွင် အဆိုပါ ဒေသမှ နောက်ဆုံးလက်ကျန်အိုင်အက်စ်များကို ပစ်မှတ်ထားကာလေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

မဟာမိတ်တပ်ပေါင်းစု၏ တိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွများကို ဖရိုဖရဲဖြစ်စေပြီး အရပ်သားများ လွတ်မြောက်ရန် အခွင့်အလမ်းရစေကြောင်း ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးအဖွဲ့မှ တပ်မှူး အက်ဒ်နန်အာဖရင်က ပြောခဲ့သည်။ ရာနှင့်ချီသော အရပ်သားများ ခြေကျင်ထွက်ပြေးနိုင်ခဲ့ပြီး အချို့တိုက်ခိုက်ရေးသမားများကို ဖမ်းမိခဲ့ကြောင်း သိရသည်။

ဘတ်ဟက်ကျေးရွာတွင် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ရာနှင့်ချီကျန်နေဦးမည်ဟု ယုံကြည်ကြောင်း အက်ဒီအက်ဖ်မဟာမိတ်တပ်ဖွဲ့အရာရှိများက ပြောသည်။ ၎င်းတို့သည် အရပ်သားများကို လူသားဒိုင်းများသဖွယ် အသုံးပြုကာ အကာအကွယ်ယူပြီး ပုန်းခိုနေနိုင်ကြောင်း အက်ဒီအက်ဖ်မဟာမိတ်တပ်ဖွဲ့မှ အရာရှိများက ပြောသည်။

လက်ကျန်အိုင်အက်စ်အကြမ်းဖက်သမားများသည် လက်နက်ချရန် ငြင်းဆိုနေသလို ၎င်းတို့ဖမ်းထားသည့် အရပ်သားများကို ပြန်လွှတ်ပေးရန် ညှိနှိုင်းမှုများလည်း အကောင်အထည်မပေါ်လာကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အမေရိကန် အကူအညီပေးရေး လေယာဉ်တစ်စင်း ဗင်နီဇွဲလားသို့သွားရာ လမ်းခုလတ်တွင် ရပ်နားနေရ

**ကတ်ရာကတ် ဖေဖော်ဝါရီ ၂၂**

အစားအစာနှင့် ဆေးဝါးအထောက်အပံ့ပစ္စည်းများ သယ်ဆောင်လာသော အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာလာသည့် လေယာဉ်တစ်စင်းသည် ဗင်နီဇွဲလားနိုင်ငံသို့သွားရာ မြေထဲပင်လယ် ကျွန်းတစ်ကျွန်းဖြစ်သည့် ကူရာကိုတွင် ခေတ္တရပ်နား နေရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဗင်နီဇွဲလားအစိုးရက အကူအညီပေးရေးပစ္စည်းများကို ပိတ်ဆို့ထားသောကြောင့်ဖြစ်ကြောင်း သိရသည်။

ကူရာကိုလေဆိပ်သည် ဗင်နီဇွဲလား သမ္မတ နီကိုလက်စ် မာဒူရိုနှင့် အတိုက်အခံသမ္မတအဖြစ် မိမိကိုယ်မိမိ ကြေညာထားသော ဂျူအန်ဂွိုက်ဒိုတို့နှစ်ဦးအတွက် အရေးကြီးသော အချက်အချာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ဗင်နီဇွဲလား အတိုက်အခံထောက်ခံသူပေါင်းများစွာတို့သည် အကူအညီ အထောက်အပံ့ပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ကူရာကိုလေဆိပ်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် တစ်ခဲနက် ဝမ်းသာအားရ အော်ဟစ်အားပေးခဲ့ကြသည်။

ယခုကဲ့သို့ အကူအညီများ ထောက်ပံ့ပေးခြင်းသည် စီးပွားရေးကြောင့် နာလန်မထူနိုင်သည့် ဗင်နီဇွဲလားနိုင်ငံအတွက် ခံစားနေရသည့် ဒုက္ခအပေါင်းမှ သက်သာစေကြောင်း ဆန္ဒကျင်ထောက်ခံသူများက ပြောကြသည်။

ဆန္ဒကျင်ထောက်ခံသူတစ်ဦးက ကူရာကိုသို့ ရောက်ရှိလာသည့် အမေရိကန်အကူအညီလေယာဉ်သည် ဗင်နီဇွဲလားနိုင်ငံအတွက် အစားအစာနှင့် ဆေးဝါးတန် ၅၀ ခန့် တင်ဆောင်လာကြောင်းပြောခဲ့သည်။

အဆိုပါပစ္စည်းများ ဗင်နီဇွဲလားနိုင်ငံသို့ရောက်ရှိအောင် သယ်ဆောင်ရန် လေယာဉ်ကြီးတစ်စင်းလည်း အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း ပြောခဲ့သည်။ အခက်အခဲအဟန့်အတားများကိုလည်း ဖြေရှင်းသွားပြီး အကူအညီပစ္စည်းများ ဗင်နီဇွဲလားနိုင်ငံသို့ မကြာမီ ရောက်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**




အကူအညီအထောက်အပံ့ပစ္စည်းများ တင်ဆောင်လာသော အမေရိကန်လေယာဉ်ကို တွေ့ရစဉ်။



ဟိုဒါမူသန်နာနှင့် ၎င်း၏ကလေးဖြစ်သူကို တွေ့ရစဉ်။

## အိုင်အက်စ်တို့နှင့် ပူးပေါင်းခဲ့သည့် မိန်းကလေး၏ဖခင်က သမီးဖြစ်သူ၏ နိုင်ငံသားဖြစ်ခွင့်အတွက် တောင်းဆို

**အလာဘားမား ဖေဖော်ဝါရီ ၂၂**

ဆီးရီးယားရှိ အိုင်အက်စ်တို့နှင့် သွားရောက်ပူးပေါင်းခဲ့သည့် အလာဘားမားမှ အမျိုးသမီးမှာ အမေရိကန်နိုင်ငံသားမဟုတ်ဟု အမေရိကန်အစိုးရက ကြေညာခဲ့ရာ အဆိုပါ အမျိုးသမီး၏ ဖခင်ဖြစ်သူက ကြာသပတေးနေ့တွင် သမီးဖြစ်သူကို အိမ်ပြန်ခေါ်ခွင့်ရရေး ဥပဒေကြောင်းအရ တောင်းဆိုခဲ့သည်။

အသက် ၂၄ နှစ်အရွယ် ဟိုဒါမူသန်နာက ၎င်းသည် အကြမ်းဖက်အုပ်စုနှင့် ပူးပေါင်းခဲ့သည့်အတွက် နောင်တရမိကြောင်း၊ အမေရိကန်ပြည်ထောင်စုသို့ ပြန်လာပြီး တရားရင်ဆိုင်လိုကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သမ္မတထရမ့်က တွစ်တာစာမျက်နှာမှတစ်ဆင့် ဟိုဒါမူသန်နာကို ပြည်ဝင်ခွင့်ပိတ်ထားကြောင်း ကြေညာခဲ့ပြီးနောက် ဟိုဒါမူသန်နာ၏ ဖခင်က ၎င်း၏သမီးဖြစ်သူသည် အမေရိကန်နိုင်ငံသားဖြစ်ကြောင်း အတည်ပြုရန်နှင့် သမီးဖြစ်နှင့်အတူ ကလေးကိုပါ အတူတကွ ပြန်လာခွင့်ပြုရန် အမှုဖွင့်ခဲ့သည်။ ဟိုဒါမူသန်နာ၏ခင်ပွန်းဖြစ်သူမှာ တူနီးရှားဂျီဟတ်တစ်ဦးဖြစ်ပြီး တိုက်ပွဲအတွင်း သေဆုံးခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေအရ တိုင်းပြည်အတွင်းမွေးဖွားသူသည် နိုင်ငံသားဖြစ်ခွင့်ရသည်။ သို့သော် သံတမန်များ၏ ကလေးများမှာမူ နိုင်ငံသားဖြစ်ခွင့်မရှိပေ။ ၎င်းတို့မှာ အမေရိကန် တရားစီရင်မှုအောက်တွင် မရှိပေ။ ၁၉၉၄ ခုနှစ်တွင် ဟိုဒါမူသန်နာကို မွေးဖွားခဲ့ပြီး ၎င်း၏ဖခင်ဖြစ်သူ အာမက်အလီမူသန်နာသည် ကုလသမဂ္ဂဆိုင်ရာ ယီမင်သံတမန်ရာထူးကို စွန့်လွှတ်ခဲ့သည်။

အာမက်အလီမူသန်နာက ၎င်းသည် ၁၉၉၄ ခုနှစ် ဇွန် ၂ ရက်တွင် ၎င်း၏သံတမန်ရာထူးကို စွန့်လွှတ်ရန် ယီမင်နိုင်ငံမှ တောင်းဆိုခြင်းကိုခံရကြောင်း၊ သမီးဖြစ်သူကို နယူးဂျာစီပြည်နယ်တွင် ၁၉၉၄ ခုနှစ် အောက်တိုဘာလတွင် မွေးဖွားခဲ့ကြောင်း ၎င်းတို့မိသားစုသည် နောက်ပိုင်းတွင် အလာဘားမား၌ အခြေချခဲ့ကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**

## ဆီးရီးယားတွင် ကားဗုံးပေါက်ကွဲရာ ၂၀ ထက်မနည်း သေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂**

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းတွင် ကာ့ဒ်တိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသော မြို့တစ်မြို့တွင် ယမန်နေ့က ကားဗုံးတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၀ သေဆုံးခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။ နိုင်ငံအရှေ့ပိုင်း ဒီယာအယ်လ်ဇာပြည်နယ်ရှိ ရှီဟဲလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

ယင်းကားဗုံးသည် ကာ့ဒ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ကားဗုံးပေါက်ကွဲတိုက်ခိုက်ခြင်းကြောင့် သေဆုံးခဲ့သူများတွင် ရေနံလုပ်သားများလည်းပါရှိကြောင်း လန်ဒန်အခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ အဆိုပါ တိုက်ခိုက်မှုနောက်ကွယ်တွင် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတပ်ဖွဲ့ရှိနေကြောင်း ၎င်းအဖွဲ့က ပြောကြားခဲ့သည်။ ဒီယာအယ်လ်ဇာပြည်နယ် ယူဖရေးတ်မြစ်ဒေသရှိ အိုင်အက်စ်တို့၏ နောက်ဆုံးဒေသကို ပြန်လည်ရယူရန် အိုင်အက်စ်တို့က စီစဉ်ဆောင်ရွက်နေစဉ် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် မော်လိုက်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မော်လိုက် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်လိုက်မြို့ ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မော်လိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပြည်သူများအား မိမိတို့အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ စုပေါင်းအင်အားဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် လမ်းလုပ်ငန်းအားလုံး ပြီးစီးရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းပြီးစီးသွားပါက တမူးမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ပါ အချိန်မရွေး သွားလာနိုင်မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ကလေးဝမြို့ကို နိုင်ငံတော်ဓာတ်အား စနစ်မှ တတိယမြောက် ဓာတ်အားရရှိသည့် မြို့နယ်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မော်လိုက်မြို့ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ရရှိရေး တည်ဆောက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

ဆက်လက်၍ မော်လိုက်မြို့ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် မော်လိုက်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

ထို့နောက် မော်လိုက်မြို့တွင် ၁၉၂၄ ခုနှစ်က ဆောက်လုပ်ခဲ့သော အထက ကျောင်းသို့ ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျောင်းဆောင်ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါက ရှေးဟောင်းသုတေသနနှင့် ပူးပေါင်း၍ ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ကြရန် လမ်းညွှန်မှာကြားပြီး မော်လိုက်-ကလေးဝ-ကလေး ကားလမ်း တစ်လျှောက်ရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ညပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးမြို့ တောင်ဖီလာရပ်ကွက် အထက-၂ ဘောလုံးကွင်း၌ ကျင်းပသော (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

# ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဟားခါး ဖေဖော်ဝါရီ ၂၂**

(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ဟားခါးမြို့ရှိ အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ချင်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်နှင့် Aroma Rose Company ဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် တာဝန်ရှိသူတို့ လွှတ်တော်အဆောက်အအုံသစ်အတွင်း ကြည့်ရှုနေစဉ်။

# ပုသိမ်မြို့တွင် မျက်စိ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာများအား ခွဲစိတ်ကုသပေး



ဆရာဝန်ကြီးက မျက်စိဝေဒနာရှင်တစ်ဦးအား စမ်းသပ်ပေးနေစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၂၂**

အမေရိကန်နိုင်ငံအခြေစိုက် Operation International မှ အထူးကုခွဲစိတ်ဆရာဝန်ကြီးများမှ Rotary Club of Central Yangon ရွှေပါရမီကုသိုလ်ပြုမေတ္တာဆေးခန်း (ဒါးကမြို့)နှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး ပုသိမ်မြို့အထွေထွေရောဂါကုဆေးရုံကြီး၏ ပံ့ပိုးမှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မျက်စိ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မွေးရာပါကိုယ်အင်္ဂါပိုနှင့် မီးလောင်ဒဏ်ရာများကို ပုသိမ်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှစပြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာဆရာမများက မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနိုင်ရန် စစ်ဆေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ဆေးမှုများကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခွဲစိတ်ကုသရန် လိုအပ်သူများကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ပြည်ပအထူးကုခွဲစိတ်ဆရာဝန်ကြီး ခြောက်ဦးဖြင့် ကုသပေးသွားမည်ဖြစ်ကြောင်း၊ မျက်စိလူနာ ၁၅၀ ခန့်နှင့် အခြား ခွဲစိတ်ကုသမှု ၆၀ ခန့်ကို ခွဲစိတ်ကုသပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**မင်းထွန်းဇော် (ပုသိမ်)**



သီတဂူအဘိဓဇစေတီတော် ထီးတော်တင်လှူနေစဉ်။

# သီတဂူအဘိဓဇစေတီတော် ထီးတော်တင်မင်္ဂလာကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတောင်ရိုး သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာ အကယ်ဒမီအတွင်းရှိ ဉာဏ်တော် ၃၇ ပေ အမြင့်ရှိ သီတဂူအဘိဓဇစေတီတော်၏ ထီးတော်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရမှ ရရှိခဲ့သည့် အထိမ်းအမှတ်အနေဖြင့် သီတဂူအဘိဓဇ စေတီတော် တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း၊ အဆိုပါစေတီတော်တည်ထားမှုကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက စတင်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် သီတဂူဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်၍ ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း မြန်မာမှုဗိသုကာပညာရှင် တမွဝတီ ဦးဝင်းမောင်က ပြောသည်။

ထို့အပြင် သီတဂူဆရာတော်ကြီး၏ ဘဝတစ်လျှောက် သာသနာပြုခဲ့သော ပုံရိပ်များအား အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် သီတဂူအဘိဓဇမော်ကွန်းတိုက် တည်ဆောက်နေမှုသည်လည်း လက်ရှိတွင် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ပူတာအိုခရိုင်၌ နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်မည်

**ပူတာအို ဖေဖော်ဝါရီ ၂၂**

ပူတာအိုခရိုင်၌ နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၁ ရက်မှ ဧပြီ ၃ ရက်အထိ တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိစိတ်ဓာတ် ပိုမိုသက်ဝင်ယုံကြည်လာစေရန် ရွက်ပုံးသီး မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအဖြစ်သို့ လေ့ကျင့်ပေးသွားရန် ရည်ရွယ်လျက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ပူတာအိုခရိုင်အနေဖြင့် ဘောလုံး၊ အေရိုးဗစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်သင်တန်းများနှင့် ပူတာအိုနှင့် မချမ်းဘောမြို့နယ်များမှ အားကစားနည်း သုံးမျိုးစီ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် သင်တန်းသား စာရင်းများ လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ရုပ်ရှင်ပညာရပ်ဆိုင်ရာများ သင်ကြားပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်ရုပ်ရှင်ကျောင်း(yfs)၏ စီစဉ်မှုဖြင့် University Of East London မှ ရုပ်ရှင်ပညာရပ်ဆိုင်ရာများ သင်ကြားပို့ချပေးနေသော Professor Dr. Valentina Vitali သည် မျက်မှောက်ခေတ် တောင်အာရှကို့တ်ထိယ ရုပ်ရှင်နယ်ဝန်းအမည်ဖြင့် ရုပ်ရှင်အထူးပြုသင်တန်းကို ယနေ့ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် (၅၀)ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းတွင် (yfs) Facebook Page ၌ ကြိုတင်စာရင်းသွင်းထားသူ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် တောင်အာရှဒေသ၌ ရိုက်ကူးခဲ့ကြသော ရုပ်ရှင်များ၊ ဇာတ်လမ်းတိုများ၊ မှတ်တမ်းရုပ်ရှင်များ၌ အမျိုးသမီး အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍများကို အကျယ်တဝင့် ရှင်းလင်းပို့ချခဲ့သည်။

**သတင်းစဉ်**

# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၉)



## မောင်ခင်မင် (ဓနုဖြူ)

"ဘဘတို့၊ သမီးတို့ နေ့တိုင်းပြောဆိုနေကြတဲ့ စကားတွေမှာ ပြောတဲ့စကားထက် အဓိပ္ပာယ်က ပိုနေတတ်တဲ့အကြောင်း သမီးတော်တော်များများ တွေ့ပြီးပြီနော်"

"ဟုတ်ပါတယ် ဘဘ"

"တချို့က စကားတွေမှာ ပြောတဲ့စကားနဲ့ ဆက်စပ်ပြီး မပြောတဲ့အနက်တစ်ခုခု ကြိုတင်ပါဝင်နေတတ်တယ် သမီးရဲ့။ တစ်နည်းပြောရရင် တကယ်ထည့်မပြောဘဲ ကြိုတင်ပြီး ပါဝင်နေတဲ့ အနက်ပေါ့"

"ဘယ်လို အနက်မျိုးပါလဲ ဘဘ"

"ဆိုပါတော့။ ဘဘက သမီးကို 'မနက်စောစောလမ်းမလျှောက်တော့ဘူးလား' လို့ မေးလိုက်တဲ့စကားထဲမှာ မပြောဘဲပါနေတဲ့ အနက်က ဘာပါလိမ့်"

"အရင်က သမီးမနက်စောစော လမ်းလျှောက်တယ်ဆိုတဲ့ အနက်ပါ ဘဘ"

"အဲဒီလိုပဲ မိတ်ဆွေတစ်ယောက်ကို 'ခင်ဗျား ဆေးလိပ်ဖြတ်လိုက်ပြီလား' လို့ မေးရင်..."

"အဲဒီမိတ်ဆွေက အရင်က ဆေးလိပ်အမြဲသောက်တယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ပါ ဘဘ"

"စကားထဲမှာ အဲဒီအနက်က ထုတ်မပြောဘဲ ပါနေတာမို့ ဒီစကားကို ကြားတဲ့သူက အဲဒီအနက်ကို နားလည်ပြီးသား ဖြစ်နေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မိန်းကလေးတစ်ယောက်က 'ဒီနှစ် ကျွန်မသားလေး မူကြိုတန်းစတက်ပြီ' လို့ ပြောတာကြားရင် ထုတ်မပြောဘဲ ကြိုတင်သက်ရောက်နေတဲ့ အနက်အဓိပ္ပာယ်တွေက ဘာတွေလဲဆိုတာ သမီး သိနေမှာပေါ့"

"သိပါတယ် ဘဘ။ ဒီမိန်းကလေးမှာ သားတစ်ယောက်ရှိတယ်။ ဒါကြောင့် သူက အိမ်ထောင်သည်ဖြစ်တယ်ဆိုတဲ့ အနက်တွေပါ"

"ဟုတ်ပါတယ်။ အဲဒီလို အနက်ကြိုတင် သက်ရောက်တဲ့သဘောရှိလို့ တစ်ယောက်နဲ့တစ်ယောက် ပြောကြဆိုကြရာမှာ ထည့်မပြောတဲ့ စကားတွေ၊ မမြင်ရတဲ့ အနက်အဓိပ္ပာယ်တွေကို ဆက်စပ်နားလည်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ။ အဲဒီလို အနက်ကြိုတင် သက်ရောက်ပုံတွေ တော်တော်များများရှိမှာပဲနော်။ ဘယ်နှစ်မျိုးလောက်ရှိပါသလဲ"

"အဲဒါကို ကြည့်ကြတာပေါ့။ တစ်မျိုးကတော့ တစ်ယောက်ယောက်၊ ဒါမှမဟုတ် တစ်ခုခုရှိနေတယ်ဆိုတဲ့အနက် ကြိုတင်ပါဝင်နေတာမျိုးပေါ့"

"ကဲ... သမီးက ဘဘကို 'သမီးမောင်လေး သူ့သူငယ်ချင်းတွေနဲ့ ကစားနေတယ်' လို့ ပြောရင် ကြိုတင်သက်ရောက်တဲ့အနက်က ဘာလဲ"

"သြော်... သမီးမှာ မောင်လေးရှိတယ်ဆိုတဲ့ အနက်ပါ ဘဘ"

"ဒါပေါ့။ ဒီအနက်ကို ထည့်မပြောဘဲ သိနိုင်တယ်လေ။ ဒီလိုပဲ သမီးက 'ဘဘဆီ ဖုန်းဆက်မလို့ဟာ ဖုန်းအားကုန်သွားလို့' လို့ ပြောရင် သမီးမှာ ဖုန်းရှိတယ်ဆိုတဲ့ အနက်ပါပြီးသားပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ နားလည်ပါပြီ"

"နောက်တစ်မျိုးက ဖြစ်ရပ်တစ်ခုဟာ အမှန်ပဲလို့ ကြိုတင်ဖော်ပြနေတဲ့ အနက်ပေါ့။ ဘဘက သမီးကို 'သမီး စာမေးပွဲအောင်လို့ ဝမ်းသာတယ်' လို့ပြောရင် 'သမီး စာမေးပွဲအောင်တယ်' ဆိုတဲ့ ဖြစ်ရပ်ဟာ စကားထဲမှာ ကြိုတင်ပါဝင်နေတဲ့ ဖြစ်ရပ်မှန်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

" 'သူဖျားနေတာ ကျွန်တော်သိတယ်' ဆိုရင်ရော"

" 'သူဖျားနေတယ်' ဆိုတာ အမှန်ပဲပေါ့ ဘဘ"

"အဲ သူဖျားနေတာ ကျွန်တော်မသိဘူးဆိုရင်ရော"

"ဒါလည်း 'သူဖျားနေတယ်ဆိုတာ အမှန်ပဲလို့ အနက် သက်ရောက်တာပေါ့။ သိတယ်ပြောပြော၊ မသိဘူးပြောပြော သူဖျားနေတယ်ဆိုတဲ့အချက်ကတော့ အမှန်ပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

❖ "မိန်းကလေးတစ်ယောက်က 'ဒီနှစ် ကျွန်မသားလေး မူကြိုတန်းစတက်ပြီ' လို့ ပြောတာကြားရင် ထုတ်မပြောဘဲ ကြိုတင်သက်ရောက်နေတဲ့ အနက်အဓိပ္ပာယ်တွေက ဘာတွေလဲဆိုတာ သမီး သိနေမှာပေါ့"

❖ "သိပါတယ် ဘဘ။ ဒီမိန်းကလေးမှာ သားတစ်ယောက်ရှိတယ်။ ဒါကြောင့် သူက အိမ်ထောင်သည်ဖြစ်တယ်ဆိုတဲ့ အနက်တွေပါ"

"နောက်တစ်မျိုးကတော့ တကယ်မဟုတ်ဘူးဆိုတဲ့ အနက်ကြိုတင်သက်ရောက်နေတာပဲ။ 'အိပ်မက်မက်တယ်'၊ 'စိတ်ကူးတယ်'၊ 'ဟန်ဆောင်တယ်'၊ 'ထင်တယ်' ဆိုတဲ့ စကားလုံးတွေနဲ့ ဖော်ပြလေ့ရှိတယ်"

"ဘယ်လိုဖော်ပြတာပါလဲ ဘဘ"

"သမီးက 'အခု သမီး ရုပ်ရှင်မင်းသမီးဖြစ်နေတယ်လို့ စိတ်ကူးကြည့်မိတယ်' လို့ ပြောတယ်ဆိုပါတော့။ ကြိုတင်သက်ရောက်တဲ့ အနက်က ဘာလဲ"

"သမီး ရုပ်ရှင်မင်းသမီးမဟုတ်ဘူးဆိုတဲ့ အနက်ပါ ဘဘ။ ဒီဟာနဲ့ စိတ်ကူးကြည့်တဲ့ဖြစ်ရပ်ဟာ တကယ်မဟုတ်ဘူးလို့ အဓိပ္ပာယ်ရပါတယ်"

"ကဲ... 'ဘဘ ပြောတာကို သမီးက မကြားချင်ယောင်ဆောင်နေတယ်' လို့ ပြောရင်ရော"

"သမီး မကြားဘူးဆိုတာ မမှန်ဘူး။ သမီးတကယ်ကြားတယ်ဆိုတဲ့ အနက်ရပါတယ် ဘဘ"

"ဘဘက 'ဒီဝတ္ထုကို ဘာသာပြန်ဝတ္ထုလို့ ထင်နေတာ' လို့ ပြောရင် ဘယ်လိုအနက်ရသလဲ"

"တကယ်က ဘာသာပြန်ဝတ္ထုမဟုတ်ဘူး။ ဘာသာပြန်ဝတ္ထုလို့ထင်တာ မမှန်ဘူးလို့ အနက်ရပါတယ် ဘဘ"

" ဟုတ်ပါပြီ။ နောက်တစ်မျိုးက ဆန့်ကျင်တဲ့ ဖြစ်ရပ်ကိုဖော်ပြနေတဲ့ ကြိုတင်သက်ရောက်အနက်ပါ။ 'တကယ်လို့'၊ 'ဘယ်လို ဖြစ်ရင်'၊ 'ဘာဖြစ်ရင်' ဆိုတာမျိုး ပြောလေ့ရှိတယ်။ 'တကယ်လို့ ဗိုလ်ချုပ်အောင်ဆန်းသာ မကျဆုံးခဲ့ရင် မြန်မာနိုင်ငံရဲ့ အခြေအနေဟာ တစ်မျိုးပြောင်းသွားနိုင်တယ်' လို့ ပြောတဲ့စကားမှာ ကြိုတင်သက်ရောက်နေတဲ့အနက်က ဘာလဲ "

"ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီဆိုတဲ့ အနက်ပါ ဘဘ "

"အဲဒီလိုပဲ။ 'မင်းသာငါ့ညီလေးဆိုရင် နာနာရိုက်ပြီးဆုံးမတယ်' ဆိုတဲ့ စကားဟာ မင်း ငါ့ညီလေးမဟုတ်ဘူးဆိုတဲ့အနက် ကြိုတင်သက်ရောက်နေတာပေါ့။ အဲဒီလို သာဓကတွေ စဉ်းစားကြည့်ရင် ပေါ်လာမှာပါ"

"သဘောပေါက်ပါပြီ ဘဘ"

"နောက်တစ်မျိုးကတော့ ကြိုတင်သက်ရောက်တဲ့ အနက်ကို စကားအသုံးအနှုန်းနဲ့ ဖော်ပြတာမျိုးပဲ။ စောစောက ဘဘပြောတဲ့ 'မနက်စောစော လမ်းမလျှောက်တော့ဘူးလား' ဆိုတဲ့စကားမျိုးပေါ့။ အဲဒီမှာ အရင်တုန်းကတော့ မနက်စောစော လမ်းလျှောက်တယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်အောင် ဘယ်စကားက ဖော်ပြနေသလဲ သမီး 'လမ်းမလျှောက်တော့ဘူးလား' လို့ ပြောတာမှာ 'တော့' ဆိုတဲ့ စကားက အရင်က လမ်းလျှောက်တယ်ဆိုတာကို ဖော်ပြနေပါတယ်"

" 'လမ်းမလျှောက်ဘူးလား' လို့ ရိုးရိုးမေးတာ မဟုတ်ဘူးလေ "

"ဟုတ်ပါတယ်။ အဲဒီလိုပဲ။ 'ငါမင်းကို ထပ်ပြောမယ်' ဆိုတဲ့စကားက အရင်တုန်းကလည်း မင်းကိုငါ ပြောခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်ကြိုတင်သက်ရောက်နေတယ်လေ။ ဘယ်စကားလုံးကြောင့်လဲ"

" 'ထပ်' ဆိုတဲ့ စကားလုံးကြောင့်ပါ။ 'ထပ်ပြောမယ်' လို့သုံးတော့ အရင်က အနည်းဆုံးတစ်ခါတော့ ပြောခဲ့တယ်ဆိုတဲ့အနက် ကြိုတင်သက်ရောက်ပါတယ် ဘဘ "

" အဲဒီလိုပဲ။ 'ဒီကောင်ကျောင်းပြေးပြန်ပြီ' ဆိုတဲ့ စကားက အရင်ကလည်း 'ကျောင်းပြေးတယ်' ဆိုတဲ့ အနက် ကြိုတင်သက်ရောက်နေတယ်မဟုတ်လား။ 'ပြန်' ဆိုတဲ့စကားက အဲဒီအနက်ကို ဖော်ပြနေတယ်လေ"

"နေ့တိုင်းပြောနေတဲ့စကားမို့ ဘယ်လိုအနက်အဓိပ္ပာယ်ကြိုတင်သက်ရောက်တယ်ဆိုတာ အမှုမဲ့အမှတ်မဲ့နေရင် မသိသာပေမယ့် သတိထားကြည့်ရင် စကားလုံးကလေးတစ်လုံးကတောင် အနက်အဓိပ္ပာယ်တွေ အများကြီးသက်ရောက်အောင် လုပ်ပေးနိုင်စွမ်းရှိတယ်ဆိုတာ သိလာရပါတယ် ဘဘ"

"ကြုံလို့တစ်ခုပြောရဦးမယ်။ အခု သမီးတို့ ဘဘတို့ ပြောနေဆိုနေကြ စကားအသုံးအနှုန်းတို့၊ အဓိပ္ပာယ်တို့ အကြောင်းတွေကို တချို့ကတော့ လူတိုင်းပြောနေတဲ့ ကိစ္စတွေပဲ ဘာများထူးဆန်းလို့လဲလို့ ထင်တတ်ကြတယ် သမီးရဲ့"

"ဟုတ်ပါတယ် ဘဘ။ တချို့က ဒါတွေများ အထူးအဆန်းလုပ်ပြီး ပြောနေကြတယ်လို့ ပြောတာ သမီးလည်း ကြားပါတယ် "

"ဘဘက ဥပမာလေး တစ်ခုပေးလေ့ရှိတယ်။ အရင်လည်း ပြောပြီးပြီလားမသိဘူး။ ကြက်တစ်ကောင်ကို အိမ်ရှင်မတစ်ယောက်မြင်တဲ့အမြင်နဲ့ သတ္တဗေဒပညာရှင်တစ်ယောက်မြင်တဲ့အမြင် ကွာခြားသလိုပေါ့ကွယ်။ အိမ်ရှင်မက ကြက်တစ်ကောင်ကို မြင်ရင် ခုတ်ထစ်ပြီး ဟင်းချက်စားရတဲ့အစားအစာလို့ မြင်မှာပေါ့။ သတ္တဗေဒပညာရှင်ကတော့ ကြက်ရဲ့အင်္ဂါအစိတ်အပိုင်းတွေကို ခွဲခြမ်းစိတ်ဖြာကြည့်ပြီး ပညာရပ်အနေနဲ့ လေ့လာမှာပေါ့။ အဲဒီလိုပဲ တို့ပြောနေတဲ့ စကားကို ရိုးရိုးလူကတော့ နေ့တိုင်းပြောနေကျစကားတွေပဲ၊ ဘာထူးလို့လဲလို့ မြင်မှာပေါ့။ ဘာသာစကားကို လေ့လာသူတွေကတော့ ခု ဘဘတို့ သမီးတို့ လေ့လာသလို အသုံးအနှုန်းတွေ အဓိပ္ပာယ်တွေကို ပညာရပ်အနေနဲ့လေ့လာပြီး ပညာရပ်အဖြစ် မြင်မှာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ကဲ နောက်ဆုံးတစ်မျိုးက အမေးစကားတွေအရ ကြိုတင်သက်ရောက်တဲ့အနက်ကို သိနိုင်တာမျိုးပါ။ 'ဘယ်သူ၊ ဘယ်မှာ၊ ဘယ်လို၊ ဘယ်အချိန်' ဆိုတဲ့ စကားမျိုးတွေပေါ့။ အဲဒီအမေးစကားတွေမှာ ကြိုတင်သက်ရောက်အနက်တွေရှိတယ်ကွဲ့ "

"ဟုတ်ကဲ့ပါ"

"ဘဘက 'မင်းဒီစာအုပ်ကို ဘယ်မှာဝယ်တာလဲ' လို့မေးရင် 'မင်းစာအုပ်ဝယ်လာတယ်' ဆိုတဲ့ အနက်က ကြိုတင်သက်ရောက်ပြီးသားလေ "

"ဟုတ်ပါတယ် ဘဘ။ 'သူ မန္တလေးကို ဘယ်တော့ သွားမှာလဲ' လို့ မေးရင်လည်း 'သူ မန္တလေးကိုသွားမယ်' ဆိုတဲ့ အနက်က ကြိုတင်သက်ရောက်ပြီးသားပါ"

"ဒီဟင်း 'ဘယ်သူချက်တာလဲ' လို့မေးရင် ဟင်းကို တစ်ယောက်ယောက်က ချက်ထားပြီးပြီဆိုတဲ့ အနက်ကိုမဖော်ပြဘဲ သိပြီးသားပေါ့ "။

ကဲ...နားကြဦးစို့။ ။

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၂-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၂၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၃၅ ကျပ် | ၉၃၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၇၃၅ ကျပ် | ၇၆၅/၇၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၅/၈၃၀ ကျပ် | ၈၆၅/၈၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၈ · ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၄ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၀ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၂ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၉ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၄၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၈၀၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် ဆန်ခါတင်ရုပ်ရှင် ၂၅ ကားကို ဒုတိယအဆင့် ထပ်မံကြည့်ရှု၍ ရွေးချယ်မှုများပြုလုပ်နေ

မတ် ၂၃ ရက်တွင် ကျင်းပတော့မည့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ဆန်ခါတင်ဇာတ်ကား ၂၅ ကား ထွက်ရှိလာခဲ့ရာ ယခုအခါ အဆိုပါ ၂၅ ကားကို ဒုတိယအဆင့်အနေဖြင့် ထပ်မံကြည့်ရှုပြီး ရွေးချယ်မှုများ ပြုလုပ်နေကြောင်း ဆုရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သည့် ဒါရိုက်တာ ပန်းချီစိုးမိုး၏ ပြောကြားချက်အရ သိရသည်။

"ဒုတိယအဆင့်အနေနဲ့ ၂၅ ကားကို ကြည့်နေပါတယ်၊ ဒီအထဲကနေ ဖြုတ်စရာရှိတဲ့ ဇာတ်ကားအချို့ကို ထပ်ဖြုတ်ဦးမှာပါ၊ ဒီထဲက ဘယ်ကားတွေကျန်မှာလဲ ဆိုတာတော့ သေချာမသိသေးပါဘူး၊ ၂၀၁၈ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ ၈၃ ကားထဲကနေ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းက စိစစ်ရွေးချယ်ခဲ့တာပါ၊ အဲဒီ ၈၃ ကားထဲကနေ ၂၅ ကားကို ရွေးခဲ့တာပါ၊ ကျွန်တော်တို့ ဇာတ်ကားတစ်ကားကို အကယ်ဒမီဇာတ်ကားအဖြစ် စိစစ်ရွေးချယ်တဲ့အခါ ဇာတ်ကားတစ်ကားလုံးကို သေချာ ခြုံငုံပြီး ကြည့်ရတယ်၊ သူတို့ဝတ်ထားတဲ့ အဝတ်အစား၊ အပြင်အဆင်၊ အပြောအဆို၊ နောက်ခံတီးလုံး၊ အလင်းအမှောင်၊ အသံ အားလုံးကို ကြည့်ရပါတယ်၊ ဥပမာ တောသူမလေးအဖြစ်ဆို လက်သည်းတွေအရှည်နဲ့၊ ဆံပင်တွေက အရောင်စုံဖြစ်နေတာမျိုးတွေပေါ့နော်၊ အသေးစိတ်လေ့လာပြီးမှ ဒီကားဟာ အကယ်ဒမီရသင့်တဲ့ကားလား၊ မရသင့်တဲ့ကားလားဆိုတာမျိုး ဆုံးဖြတ်ပေးရပါတယ်"ဟု ဒါရိုက်တာ ပန်းချီစိုးမိုးက ပြောသည်။

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် အကယ်ဒမီစာရင်းဝင် ဒုတိယအဆင့်အတွက် ရွေးချယ်ခံထားရသော ဆန်ခါတင်ရုပ်ရှင်ဇာတ်ကား ၂၅ ကားတွင် လူငယ်ဒါရိုက်တာသစ်များဖြစ်ကြသည့် ဒါရိုက်တာ ဉာဏ်ထင်၊ ဝင်းလွင်ထက်၊ အာကာနှင့် ဏကြီးတို့၏ ဇာတ်ကားများ ပါဝင်လာသည်။ ဒါရိုက်တာ ဝိုင်း ရိုက်ကူးထားသော ဇာတ်ကားက လေးကားအထိ ပါဝင်နေပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်၊ ဝင်းထွန်းထွန်းနှင့် သြရသတို့၏ ဇာတ်ကားများလည်း ပါဝင်ကာ ပရိသတ် အကြိုက်တွေ့ခဲ့သည့် ခီမောင်နံ၏ မုဒြာရဲ့ခေါ်သံနှင့် ဥပါယ်တံမျဉ် ဇာတ်ကားနှစ်ကားလုံးလည်း ပါဝင်လာကြောင်း သိရသည်။



ဆန်ခါတင်စာရင်းတွင် ပါဝင်နေသည့် ခီမောင်နံ၏ မုဒြာရဲ့ခေါ်သံရုပ်ရှင် ပိုစတာ

ဒုတိယအဆင့်အတွက် ရွေးချယ်ထားသော အဆိုပါ ဇာတ်ကား ၂၅ ကားကို ဖေဖော်ဝါရီ ၆ ရက်မှစ၍ ထပ်မံကြည့်ရှု စိစစ်ရွေးချယ်နေပြီး ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို လာမည့် မတ် ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ Yangon Convention Center ၌ ကျင်းပရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကိုလင်း**



လူငယ်ဒါရိုက်တာ ဉာဏ်ထင်၏ မျက်နှာပြင်များရုပ်ရှင် ပိုစတာ


လူငယ်ဒါရိုက်တာ ဝင်းလွင်ထက်၏ မုန်းစွဲရုပ်ရှင် ပိုစတာ

# မြို့ပြမုဆိုးများရုပ်ရှင်ကို မတ် ၁ ရက်တွင် ရုံတင်ပြသမည်

BONANZA ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထားသည့် မြန်မာ အက်ရှင်ဇာတ်ကြမ်းကားတစ်ကားဖြစ်သည့် မြို့ပြမုဆိုးများ ရုပ်ရှင်ဇာတ်ကားကို မတ် ၁ ရက်နေ့မှစတင်ပြီး မြန်မာနိုင်ငံအနှံ့ရှိ အဆင်မြင့်ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဟု သိရသည်။ အဆိုပါ ဇာတ်ကားကို ဒါရိုက်တာသစ်တစ်ဦးဖြစ်သည့် ဉာဏ်ထင်က ရိုက်ကူးထားပြီး အဓိက သရုပ်ဆောင်အဖြစ် ခါရာက ပါဝင်သရုပ်ဆောင်ထားကာ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဇင်ဝိုင်းတို့နှင့်အတူ မျက်နှာသစ်သရုပ်ဆောင်များဖြစ်သော ပြည့်ဝတီမောင်၊ မင်းမြတ်စိုးစံ၊ ခန့်ညား၊ ဂျာဆိုင်းအိန်၊ ဟိန်းသစ်စ၊ ဟန်နွေနှင့် ကိုလူချောတို့အဖွဲ့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

"ဒီကားရဲ့အဓိကအချက်က ကျွန်တော်တို့နိုင်ငံရဲ့ရုပ်ရှင်လောကမှာ လူကြမ်းတွေကို အဓိကထားပြီးရိုက်တာမျိုး မရှိသလောက် ရှားသွားပါပြီ၊ အဲလို ရှားပါးတဲ့အချိန်မှာ လူကြမ်းတွေအတွက် နေရာတစ်ခုလည်းရတယ်၊ ပြီးတော့ မြန်မာအက်ရှင်ကားတွေ ရှားပါးမှုကိုလည်း ဒီကားက တစ်ဖက်တစ်လမ်းအနေနဲ့ အထောက်အကူပြုပြီး နောက်ထပ်အက်ရှင်ကားတွေ များများပေါ်ထွန်းလာစေဖို့ ရည်ရွယ်ချက်နဲ့ ရိုက်ပြတာပါ၊ ဒီကားထဲမှာ လူငယ်တွေအကုန်လုံးနီးပါးက မျက်နှာသစ်သရုပ်ဆောင်တွေချည်းပဲဖြစ်တယ်၊ ဒါရိုက်တာကလည်း အသစ်တစ်ယောက်ဖြစ်ပေမယ့် အကောင်းဆုံး ရိုက်ကူးပြနိုင်တာ တွေ့ရမှာပါ"ဟု သရုပ်ဆောင် ခါရာက ပြောသည်။

ဇာတ်လမ်းအကြောင်းနှင့် သရုပ်ဆောင်ထားသည့်နေရာနှင့် ပတ်သက်၍လည်း ခါရာက "ကျွန်တော်ကတော့ ဒီကားမှာ ခပ်ဆိုးဆိုး လူကြမ်းတစ်ယောက်ဖြစ်တဲ့ စိုင်းလုံဆိုတဲ့နေရာကနေ သရုပ်ဆောင်ထားပါတယ်၊ ပြီးတော့ ကျွန်တော်က ကျေးဇူးရှင်ဆရာ ရုတ်တရက်ဆုံးပါးသွားတဲ့အခါ သူ့ရဲ့သမီးနဲ့လက်ဆက်ပြီး လုပ်ငန်းတွေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့သူတစ်ယောက်ပေါ့၊ နောက် ကျွန်တော့်ယောက်ဖက ဦးသိုက်ထွန်း (ရန်အောင်)နဲ့ အမျိုးသမီးကိစ္စကြောင့် စကားများရာကနေ ပြဿနာက တဖြည်းဖြည်း ကြီးလာပြီး နောက်ဆုံး အချင်းချင်း သတ်ဖြတ်ကြတဲ့အထိဖြစ်လာတဲ့ပုံစံမျိုး ရိုက်ထားတာပါ"ဟု ဆက်ပြောပြသည်။

**ကိုလင်း**


မြို့ပြမုဆိုးများရုပ်ရှင်မှ သရုပ်ဆောင်များ

# မင်းခန့်ကျော်၏သီချင်းခွေမှ သီချင်းများဖြင့် ဂီတဝါသနာပါသူများအတွက် ပြိုင်ပွဲပြုလုပ်ပေးမည်

သရုပ်ဆောင်အဖြစ်မှ ဂီတပိုင်းကိုပါ ကူးပြောင်းလုပ်ဆောင်လာသည့် မင်းခန့်ကျော်၏ ပထမဆုံး တစ်ကိုယ်တော်စီးရီးဖြစ်သည့် အရင်လို မပတ်သက်တော့ပါ အယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၁၂ ရက်က Bo Bo တေးထုတ်လုပ်ရေးမှ စတင်ဖြန့်ချိခဲ့ပြီး ထိုအယ်လ်ဘမ်တွင် သီချင်းဟောင်း သုံးပုဒ်နှင့် သီချင်းသစ်များပါဝင်ကြောင်း သိရသည်။

"ကျွန်တော် ဒီအခွေကို ပိုက်ဆံရှိလို့ ထလုပ်တာမဟုတ်ပါဘူး၊ ဂီတကိုမြတ်နိုးလွန်းလို့ လုပ်တာပါ၊ အရင်က မြန်မာသံစဉ်ဆိုထားဖူးပေမယ့် မထုတ်ဖြစ်ခဲ့ပါဘူး၊ ကျွန်တော်က နယ်ကြိုက်ဖြစ်တာများတယ်၊ ပရိသတ်တွေရဲ့ အားပေးမှုကြောင့်ပဲ လုပ်ဖြစ်ခဲ့တာပါ"ဟု မင်းခန့်ကျော်က ပြောသည်။ အရင်လိုမပတ်သက်တော့ပါ သီချင်းခွေတွင် စုစုပေါင်း သီချင်း ၁၀ ပုဒ် ပါဝင်ပြီး တေးရေးများမှာ စိုးလွင်လွင်၊ ဂျော်နီ(ချာတိတ်)၊ စစ်ဟိန်း၊ ဏာဏီး၊ နောင်ရိုးနှင့် နေလုံးတို့ဖြစ်ကာ အလွမ်းအဆွေးသီချင်းများကို မော်ဒန်ရော့ခ်၊ ဟာ့ဒ်ရော့ခ်နှင့် ပေါ့ပ်ဂီတပုံစံများဖြင့် သီဆိုထားကြောင်း သိရသည်။

ထို့အပြင် သီချင်းဆိုဝါသနာပါသူများအတွက် challenge တစ်ခုအနေဖြင့် အခွေထဲမှ တေးသီချင်းများကို သီဆိုယှဉ်ပြိုင်ရမည့် ပြိုင်ပွဲကိုလည်း ပြုလုပ်သွားမည်ဖြစ်ကာ အခွေတွင် ပြိုင်ပွဲဝင်လျှောက်လွှာများကို ထည့်သွင်းပေးထားပြီး ဆုရသူများအား ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ်သိန်း ၂၀ နှင့် တတိယဆု ကျပ် ၁၀ သိန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအခွေမှာ အခွေဝယ်ရင်းနဲ့ ဂီတကိုဝါသနာသူတွေရဲ့ အိပ်မက်တွေကို တံခါးဖွင့်ပေးတဲ့အနေနဲ့ အဆိုပြိုင်ပွဲလေး လုပ်ထားပါတယ်၊ ဒီအခွေထဲက သီချင်းတွေကို ပြိုင်ပွဲဝင်ရမှာပါ၊ Cover Song ဆိုပြီးတော့ ကျွန်တော့်အခွေနဲ့တွဲပြီး လျှောက်လွှာတင်ရမှာပါ၊ အဆိုဝါသနာပါတဲ့သူတွေအတွက် Challenge ခေါ်တာဖြစ်ပြီး ဒီ challenge မှာ အနိုင်ရတဲ့သူသုံးဦးကိုလည်း တစ်ယောက်ကို သီချင်းလေးပုဒ်နှုန်းနဲ့ တေးစီးရီးတစ်ခွေ ထုတ်ပေးသွားမှာပါ"ဟု ၄င်းက ပြောသည်။

**ကိုလင်း**



# ဟာသဇာတ်ကားများကို ဝေဖန်နေသည့်အပေါ် ထပ်ဆင့်အကယ်ဒမီစိုးမြတ်သူဇာ သုံးသပ်ပြောကြား



ဒါရိုက်တာ ကျော်ဇော်လင်း(အတွေးပုံရိပ်) ရိုက်ကူးသည့် ဝက်ဝက်ကွဲအောင်ပွင့် ရုပ်ရှင်တွင် အထူးသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် ထပ်ဆင့် အကယ်ဒမီ စိုးမြတ်သူဇာက လတ်တလောတွင် ဟာသဇာတ်ကားများကို ပေါကားများဟု ဝေဖန်မှုများမြင့်တက်နေသည့်အပေါ် ယခုလို သုံးသပ်ပြောဆိုခဲ့သည်။

"ဇာတ်ကားတွေကို ကြည့်ကြည့်ပါ၊ အနုပညာပိုင်းမှာ အားလျော့တယ်ထင်ပေမယ့် ခေတ်ကာလက မတူကြဘူး၊ ခေတ်တွေက ပြောင်းလာပါတယ်၊ ခေတ်တွေပြောင်းလာသလို လူတွေရဲ့အကြိုက်ကလည်း မတူတော့ဘူး၊ လူတွေက ပေါကားလို့ ပြောကြတယ်၊ မကြီးကတော့ အဲဒီလိုမတွေးပါဘူး၊ အဲဒီလိုကားကိုကြိုက်တဲ့ပရိသတ်က သီးသန့်ရှိတယ်၊ အနုပညာသမားတွေကလည်း အဲဒါလေးကို သိကြတယ်၊ သိလို့ ရိုက်ပေးနေကြတာပါ၊ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းကတော့ ဘယ်တူပါ့မလဲ၊ တချို့ကားတွေ မကြီးကားတွေလည်း ပေါတာ ပါကောင်းပါမယ်၊ နားလည်ပေးစေချင်ပါတယ်၊ တချို့ကားတွေက လူမှုရေးအရ ရိုက်ပေးရတာတွေရှိတယ်၊ တစ်ခါတလေ သိတယ်၊ မရိုက်ချင်ဘူး၊ ဒါပေမယ့် အကြောင်းကြောင်းတွေက အများကြီးရှိတယ်၊ မကြီးတို့ အနုပညာအသိုင်းအဝိုင်းက နည်းနည်း တစ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီမှ ရေရှည်သွားနိုင်မှာလေ၊ ဒါတွေကို ပရိသတ်တွေက နားလည်ပေးဖို့ ပြောချင်ပါတယ်၊ ခဏခဏပြောရတော့လည်း အားနာတယ်"ဟု စိုးမြတ်သူဇာက ပြောသည်။

"ရုံတင်ကားတွေ များလာတာ ကောင်းပါတယ်၊ ရွေးချယ်စရာတွေလည်း များလာတာပေါ့၊ တစ်ခါတလေ အဲဒီကားတွေထဲမှာ မကောင်းတဲ့ကားတွေပါတယ်လို့ ပြောကြတယ်၊ မကောင်းတဲ့ကားကို ဘယ်သူကမှတော့ ပိုက်ဆံတွေ အများကြီး အကုန်ခံပြီး မကောင်းအောင်တော့ မလုပ်ကြပါဘူး၊ အခြေအနေအရ အကြောင်းကြောင်းတွေကြောင့် အဆင်မပြေဖြစ်သွားတာတွေကို အရမ်းကြီးတော့ မပြောစေချင်ဘူး၊ အားလုံးက ပိုက်ဆံတွေကုန်၊ အချိန်တွေပေးပြီး လုပ်ထားတော့ ဒါတွေကို ပရိသတ်တွေရော၊ စာနယ်ဇင်းတွေကပါ နားလည်ပေးနိုင်ရင်တော့ ကောင်းမှာပါ"ဟုလည်း စိုးမြတ်သူဇာက ဆက်လက်ပြောဆိုခဲ့သည်။

**ကိုလင်း**

## မှုခင်းကျဆင်းရေး ရဲတပ်ဖွဲ့က အသိပညာပေး

**ကော့မှူးမြို့နယ်**

ဖေဖော်ဝါရီ ၁၉ ရက်က ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာ ခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလှိုင်က သက်ငယ်မုဒိမ်းမှု ကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောခဲ့သည်။

**မင်းသော်တာ**

**သုံးခွမြို့နယ်**

ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက ညောင်ပင်ခင်တန်းကျေးရွာ၊ အုပ်ချုပ်ရေးမှူးအိမ်ဝင်း၌ လူသတ်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါးအမှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် အသိပညာပေး ဟောပြောခဲ့သည်။

**နဒီ**

**တွံတေးမြို့နယ်**

ဖေဖော်ဝါရီ ၂၀ ရက်က တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းကျော်က ပိတ်ဆွယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဆွေ၏ နေအိမ်၌ မှုခင်းများကျဆင်းရေးအသိပညာပေး ဟောပြောခဲ့သည်။

**သန်းဝင်း**

**ကွမ်းခြံကုန်းမြို့နယ်**

ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူက ကွမ်းခြံကုန်းမြို့နယ် မေတ္တာကျေးရွာခန်းမတွင် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောခဲ့သည်။

**စန်းလွင်**




**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၂၀ ရက်က တာမွေမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဆွေက ရပ်ကွက်ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောစဉ်။**

မြန်မာ့အလင်း

**အလုံမြို့နယ်**

ဖေဖော်ဝါရီ ၂၂ ရက်က အလုံမြို့နယ် သစ်တောရပ်ကွက်သို့ ရန်ကုန်တိုင်းဒေသကြီး မှုခင်းအသိပညာပေးယာဉ်ကြီးရောက်ရှိလာရာ အလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြင့်ကြည်က လေ့လာသူများကို ရှင်းလင်းဟောပြောကြောင်း သိရသည်။

**တင်မောင်ဦး**

**ကြည့်မြင်တိုင်မြို့နယ်**

ဖေဖော်ဝါရီ ၂၀ ရက်က ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ကျောင်းကြီးလမ်း (မဟာသကျမုနိဘုရားကြီးရှေ့)တွင် ရန်ကုန်တိုင်းဒေသကြီး မှုခင်းအသိပညာပေး ယာဉ်ကြီးပေါ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းမောင်က အသိပညာပေး ပြကွက်များဖြင့် ရှင်းလင်းဟောပြောကြောင်း သိရသည်။

**ဘော်ဂါသွေး**

# စိုက်ပျိုးရေးတက္ကသိုလ်တွင် Green House၊ ရေအစက်ချနည်းစနစ်နှင့် သုတေသနစမ်းသပ်စိုက်ပျိုးရန် အစ္စရေးမှ ထောက်ပံ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသစ်များ ရရှိစေရန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပြည်ပတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးဆိုင်ရာ ပုဂ္ဂလိကဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စိုက်ပျိုးရေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ လက်တွေ့ဆောင်ရွက်မှု လုပ်ငန်းများတွင် အဆင်ပြေစေရန်ရည်ရွယ်၍ ခေတ်မီသင်ထောက်ကူပစ္စည်းများနှင့် သုတေသနကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အဆောက်အအုံနှင့်ပစ္စည်းများကို မြန်မာနိုင်ငံ အခြေစိုက် အစ္စရေးသံရုံး (ရန်ကုန်)မှ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ထောက်ပံ့ပေးထားကြောင်း သိရသည်။

အဆိုပါ သုတေသနကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် Green House၊ ရေအစက်ချနည်းစနစ်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်စိုက်ကွင်း၌ ယမန်နေ့က ကျင်းပရာ အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E.Mr.Gilad Cohen က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Ronen Gilor က လှူဒါန်းရသည့် အကြောင်းအရင်းကို ရှင်းလင်းတင်ပြပြီး ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ Demonstration and Research Plot ဆိုင်းဘုတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"မြန်မာတောင်သူတွေအတွက်ရော၊ တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေအတွက်ရော၊ စိုက်ပျိုးထုတ်လုပ်သူတွေအတွက် နည်းပညာတွေ ရရှိစေဖို့ မြန်မာနိုင်ငံစိုက်ပျိုးရေးအတွက် တိုးတက် အောင်မြင်စေဖို့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေကို Green House စိုက်ပျိုးနည်း၊ ရေအစက်ချနည်းစနစ်တွေနဲ့ စိုက်ပျိုးတဲ့နည်းပညာတွေကို ပေးလိုက်ခြင်းအားဖြင့် ကျောင်းပြီးသွားတဲ့အခါ မြန်မာနိုင်ငံ စိုက်ပျိုးရေးထုတ်လုပ်မှုအတွက် အသုံးချနိုင်မှာ ဖြစ်ပါတယ်" ဟု Prime Agri Technologies (Myanmar) Ltd. မှ General Manager Mike Anderson က ပြောသည်။

အဆိုပါအဆောက်အအုံကို ၂၀၁၈ နှစ်ဦးပိုင်းမှ စတင်ဆောက်လုပ်ခဲ့ပြီး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ပူးပေါင်းပါဝင်မှုမှာ အစ္စရေးသံရုံး(ရန်ကုန်) မှ



**Green House အတွင်း ရေအစက်ချစနစ်ဖြင့် စိုက်ပျိုးထားမှုကို တာဝန်ရှိသူများ ကြည့်ရှုနေစဉ်။**

ငွေကြေးကို ထောက်ပံ့ပေးအပ်ပြီး ရေအစက်ချသည့် ပစ္စည်းကိရိယာများ၊ သုတေသနစီမံကိန်း ပူးပေါင်းလုပ်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများအား သင်ကြားပေးလိုက်ခြင်းဖြင့် တောင်သူလယ်သမားများအတွက် ကြီးမားသည့် အကျိုးသက်ရောက်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေး တက္ကသိုလ်ကို အစ္စရေးသံရုံးကနေပြီးတော့မှ ရေအစက်ချစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အကူအညီပေးအပ်ခြင်း ဖြစ်ပါတယ်။ အရင်က ကျောင်းသားတွေက ရေပုံးတွေနဲ့ ထမ်းပြီး လောင်းခဲ့ရပါတယ်။ အပင်ကြီးသွားတဲ့အခါလည်း ပိုက်တွေနဲ့ချပြီး လောင်းခဲ့ရပါတယ်။ ခုလို ရေအစက်ချနည်းနဲ့ စိုက်ပျိုးမှုတွေ ပြုလုပ်လာနိုင်တဲ့အတွက် အချိန်တိုတိုအတွင်းမှာပဲ ရေပေးနိုင်တယ်။ ရေထမ်းလောင်းရတာ သက်သာလာတယ်။ မြေဩဇာကျွေးတဲ့ အခါမှာလည်း အရင်က တစ်ပင်ချင်းလိုက် ထည့်ရတယ်။ အခုဆိုရင် ရေပိုက်ကနေပဲ ကျွေးတဲ့အတွက် အချိုးအစား မျှမျှတတရောက်လို့ အပင်ဖြစ်ထွန်းမှုကို ညီစေပါတယ်။ ရေပေးတဲ့အခါမှာ ရေအရည်အသွေးကို စစ်တဲ့ နည်းပညာတစ်ခုကိုလည်း ထည့်သွင်းဆောင်ရွက်ထားပါတယ်။ စမ်းသပ်စိုက်ပျိုးမှုအနေနဲ့ ငရုတ်၊ ကော်ဖီ၊ ဆလတ်နဲ့ မုန်ညင်းတွေကို စိုက်ပျိုးလျက်ရှိပါတယ်"ဟု ပထမနှစ် ကွင်းတာဝန်ခံ ဆရာမ ဒေါ်မြင့်ရီက ပြောသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

## ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ချယ်လ်ဆီးနှင့်အာဆင်နယ်တို့ ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များမှ ဖေဖော်ဝါရီ ၂၂ရက် သောကြာနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ချယ်လ်ဆီးက မယ်လ်မိုကို သုံးဂိုး-ဂိုးမရှိနှင့် အာဆင်နယ်က BATE ဘိုရီဆော့ ကို သုံးဂိုး-ဂိုးမရှိဖြင့် အင်္ဂလန်ကလပ်အသင်းများ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးနှင့်မယ်လ်မိုပွဲတွင် ပထမအကျော့ ဆွီဒင်မြေ၌ ယှဉ်ပြိုင်ခဲ့စဉ်က ချယ်လ်ဆီးအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ဒုတိယအကျော့ အင်္ဂလန်မြေ၌ ချယ်လ်ဆီးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၅၅ မိနစ်တွင် ဂျီရော့ဒ်၊ ၇၄ မိနစ်တွင် ရော့စ်ဘာကလေနှင့် ၈၄ မိနစ်တွင် အိုဒွိုင်းတို့က သွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

အာဆင်နယ်နှင့် BATE ဘိုရီဆော့ပွဲတွင် ပထမအကျော့ ဘီလာရုစ်မြေပေါ်တွင် အာဆင်နယ်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး ယနေ့ အိမ်ကွင်း၌ ပြန်လည်ယှဉ်ပြိုင်ရာတွင် အာဆင်နယ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၄ မိနစ်တွင် BATE ဘိုရီဆော့ နောက်တန်းကစားသမား ဗိုလ်ကော့ဗ် ဖြတ်ထုတ်ရာမှ ကိုယ့်ဂိုးကို သွင်းမိခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့ပြီး ပွဲချိန် ၃၉ မိနစ်တွင် မူစတာဖီနှင့် မိနစ် ၆၀ တွင် ဆိုခရာတီစ်တို့က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ၁၆သင်းရှုံး/ထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များဖြင့် ဖရန့်ဖတ်က ရှက်တာဒိုးနက်ခ်ကို လေးဂိုး-တစ်ဂိုး၊ ဒိုင်နမိုဇာဂရက်က ပါလ်ဇန်ကို သုံးဂိုး-ဂိုးမရှိ၊ နာပိုလီက ဇူးရစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆာ့လ်ဘတ်က ကလပ်ဘရုကို လေးဂိုး-ဂိုးမရှိ၊ ဗလင်စီယာက ဆဲလ်တစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဇင်းနစ်က ဖီနာဘာချီကို သုံးဂိုး-တစ်ဂိုး၊ ဗီလာရီးရဲနှင့် စပို့တင်းက တစ်ဖက်တစ်ဂိုးစီ သရေကျပြီး ဒိုင်နမိုကိဗ်က အိုလံပီယာကို့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ အင်တာက ရပ်ပစ်ဝီအန်ကို လေးဂိုး-ဂိုးမရှိ၊ ဘင်ဖီကာနှင့် ဂါလာတာစာရေးက ဂိုးမရှိသရေကျခဲ့ပြီး လေဗာကူဆင်နှင့် ခရက်စ်နိုဒါပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ပရက်ဂူးက ဂျန့်ခ်ကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး ရန်းနက်စ်က ဘက်တစ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယူအီးအက်ဖ် ယူရိုပါလိဂ် ၁၆သင်း ရှုံး/ထွက် အဆင့်ပွဲစဉ်များ မဲခွဲရွေးချယ်ခဲ့ရာ ချယ်လ်ဆီးအသင်းသည် ဒိုင်နမိုကိဗ်နှင့် တွေ့ဆုံခဲ့ပြီး အာဆင်နယ်က ရန်းနက်စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဖရန့်ဖတ်နှင့် အင်တာ၊ ဒိုင်နမိုဇာဂရက်နှင့် ဘင်ဖီကာ၊ နာပိုလီနှင့် ဆာ့လ်ဘတ်၊ ဗလင်စီယာနှင့် ခရက်စ်နိုဒါ၊ ဆီဗီလာနှင့် ပရက်ဂူး၊ ဇင်းနစ်နှင့် ဗီလာရီးရဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူရိုပါလိဂ် ၁၆ သင်း ရှုံး/ထွက်အဆင့် ပထမအကျော့ ပွဲစဉ်များကို မတ် ၇ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၅ ရက်တွင် ပြန်လည်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**

# ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ ညွန့်သစ် ကွယ်လွန် (၁၉၄၂-၂၀၁၉)

ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ ညွန့်သစ်ကို အဖ ဦးအုန်းမောင်နှင့် အမိ ဒေါ်ညိုတို့က ၁၉၄၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာ၌ မွေးဖွားခဲ့သည်။ မွေးချင်းညီအစ်ကိုသုံးဦးအနက် ဒုတိယမြောက်ဖြစ်ပြီး အမည်ရင်းမှာ ဦးစိုးညွန့် ဖြစ်သည်။

၁၉၅၆-၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် စမ်းချောင်းကွက်သစ် အလယ်တန်းကျောင်း၊ ၁၉၆၁-၆၂ ခုနှစ်တွင် ကြည့်မြင်တိုင်ရှိ ဦးထွန်းအေး အလွတ်ပညာသင်ကျောင်းနှင့် ဦးအောင်ကို ပညာသင်ကျောင်းတို့၌ အထက်တန်းအထိ ပညာသင်ကြားခဲ့သည်။

ဆရာသည် ၁၉၆၁-၆၂ ခုနှစ်တွင် စတင်ဖွဲ့စည်းလှုပ်ရှားသော ရန်ကုန်ခရိုင်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၌ အလုပ်အမှုဆောင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အင်းစိန်ထောင်၌ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရပြီး ၁၉၆၉ ခုနှစ်တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

ဆရာသည် ၁၉၆၁-၆၂ ခုနှစ်တွင် စာပေသူငယ်ချင်းများနှင့် ကျောင်းပုံနှိပ်ကဗျာစာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ၁၉၇၁ ခုနှစ် စက်တင်ဘာလထုတ် မိုးဝေရသမဂ္ဂဇင်းတွင် 'ညွန့်သစ်' ကလောင်အမည်ဖြင့် 'ဒါပါပဲ' ကဗျာကို ရေးသားပြီး စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ မိုးဝေအပြင် မဟေသီ၊ ရုပ်ရှင်တေးကဗျာ၊ နွယ်နီအပါအဝင် စာနယ်ဇင်းများ၌ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို ညွန့်သစ်၊ ဟိန်းသစ်အောင်၊ ရန်နိုင်မျိုးစသည့် ကလောင်များဖြင့် ပါဝင်



ရေးသားခဲ့သည်။ ထို့ပြင် သစ္စာရောင်ခြည် စာစောင်၊ မြို့တော် City မဂ္ဂဇင်းနှင့် ကလျာမဂ္ဂဇင်းတို့တွင် အယ်ဒီတာ၊ ချင်းတွင်းမဂ္ဂဇင်းနှင့် ပင်းယမဂ္ဂဇင်းတို့တွင် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ပထမဆုံးကဗျာလုံးချင်းစာအုပ်ဖြစ်သည့် 'ခါးသက်တဲ့အရသာ' ကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။ ထို့အတူ ၂၀၁၃ ခုနှစ်တွင် ဆရာမိုးဟိန်း (သားဂျာနယ်ကျော်)က အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားထားသော 'ကောင်းကင်ပင်လယ်' စာအုပ်ကို ရေးသားခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် 'ချစ်ရခင်ရလေးစားရသူများအကြောင်း (အမှတ်တရရုပ်ပုံလွှာ)' စာအုပ်ထွက်ရှိခဲ့ပြီး ဆရာသည် အယ်ဒီတာအပြင် စာပေလောကနှင့်ပတ်သက်သည့် ဆောင်းပါးများကိုလည်း အများအပြား ရေးသားခဲ့သည်။ ဆရာသည် စာရေးဆရာ၊ အယ်ဒီတာအပြင် မြူနီစီပယ်စာရေး၊ လမ်းဘေး စာအုပ်အဟောင်းရောင်းသူ၊ ဧရာဝတီသင်္ဘောသား၊ ကျောက်တူးသမား၊ ကျောက်ပွဲစား၊ မွေးမြူရေးသမား၊ နယ်လှည့်အရောင်းစျေးသည်၊ ညစောင့်နှင့် စာပြင်ဆရာ လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။

ဆရာသည် ၁၉၇၅ ခုနှစ် ဇူလိုင်လတွင် ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုပြီး သားသုံးဦး ထွန်းကားခဲ့သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ဇနီးဖြစ်သူ ဒေါ်မြသန်းကွယ်လွန်ခဲ့သည်။ ထို့နောက် ဆရာသည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂၊ ၈၈)ဈ/၃၄ (၁၀) ရပ်ကွက် ပုသိမ်လမ်းတွင်နေထိုင်ကာ စာပေများကို ရေးသားရင်းဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် အသက် ၇၇ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## MPU Debit Card အသုံးပြု၍ Online မှ
## အခွန်ပေးဆောင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းရာတွင် အီလက်ထရွန်နစ်စနစ်များအသုံးပြု၍ လွယ်ကူစွာပေးဆောင်နိုင်ရေးအတွက်ရည်ရွယ်၍ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အဖြစ် သီလဝါအထူးစီးပွားရေးဇုန်ရှိ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် MPU e-Commerce မှတစ်ဆင့် MPU Debit Card အသုံးပြု၍ Online မှအခွန်ငွေပေးသွင်းခြင်းနှင့် ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးသွင်းနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂။ ထို့ပြင် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ရရှိပြီးဖြစ်သော ရန်ကုန်မြို့ရှိ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင်သာမက ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အခွန်ငွေပေးသွင်းနိုင်ပြီဖြစ်ပါသည်။ ထိုသို့ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်မှရရှိသည့် CCT Credit Completion Notification နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ငွေပေးသွင်းမှု အထောက်အထားများကို email မှတစ်ဆင့် ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၃။ ဒုတိယအဆင့်အနေဖြင့် MPU Debit Card အသုံးပြု၍ Online မှ အခွန်ပေးဆောင်ခြင်းကို အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်မှုစနစ်ကျင့်သုံးနေသော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)တို့မှ SAS အခွန်ထမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏အီလက်ထရွန်နစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) အသုံးပြု၍ ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်ထားရှိပြီးဖြစ်သော အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)နှင့် (၃)တို့ရှိ အခွန်ထမ်းကုမ္ပဏီများ အသုံးပြုနိုင်ပြီဖြစ်ပါသည်။

၄။ အဆိုပါ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် MPU Debit Card အသုံးပြု၍ Onlineမှ အခွန်ပေးဆောင်လိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ဝင်ရောက်၍ Start Your Tax Online Paymentကိုနှိပ်၍ https://onlinepayment.irdmyanmar.gov.mm/etax link တွင် အခွန်ပေးဆောင်နိုင်ပြီဖြစ်ပါသည်။ ထိုသို့အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ငွေပေးသွင်းမှု အထောက်အထားများကို email မှတစ်ဆင့် ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၅။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.irdmyanmar.gov.mm သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (ရန်ကုန်)၊အမှတ်၅၈/၆၂၊ ဒုတိယထပ်၊ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၀၁၉၈သို့ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/6269 ၏ အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖခင်အမည်မှန်

မုံရွာမြို့နယ် အထက(ခွဲ) ညောင်ပင်စောက် နဝမတန်းမှ မောင်နေဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၅/မရန(နိုင်)၂၃၆၉၇၄ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ နယ်မြေ(၇)နေ မအေးအိအိခိုင် ၅/မရန(နိုင်)၁၅၂၅၉၉၈၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၀၁၅၈၁၀**

### အမည်ပြောင်း

ဦးလှိုင်မြင့်ဝင်း ၁၄/ပသန(နိုင်)၀၄၁၃၁၈၏သမီး မန္တလေးတိုင်းဒေသကြီး၊ရတနာပုံတက္ကသိုလ်၊ စီးပွားစီမံပထမနှစ်၊ ခုံအမှတ် (၁စစ-၁၆၂)မှ မအေးပြည့်ပြည့်ဖြိုးဝင်း ၁၂/ရပသ(နိုင်) ၀၈၉၇၂၁အား မအိလဝန်းအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် နေပြည်တော်ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း(D)မှ မောင်ကောင်းကျော်ဇော ၁၂/ရပသ(နိုင်)၀၈၉၇၆၄ အား မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7459 ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၅/ရဘန(နိုင်)၀၁၈၆၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### လပွတ္တာမြို့နယ်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၇

| | |
|---|---|
| ဦးဇော်မင်းမောင် | ဦးမျိုးပိုင် |
| **တရားလို** | **တရားပြိုင်** |

လပွတ္တာမြို့၊ အမှတ်(၇)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းသွယ်(၃)၊ အမှတ်(၂၈/၇)နေ ဦးမျိုးပိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အားလွှဲပြောင်းပေးအပ်ခြင်း(သို့မဟုတ်) ချေးယူငွေ ၄၀၀၀၀၀၀ကျပ် ပြန်လည်ပေးဆပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မတ်၁ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီ၌ အထက်အမည်ရေးသားပါရှိသူသည် တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်လင်းသန့်)**
**မြို့နယ်တရားသူကြီး**
**လပွတ္တာမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၄၄၁)၊ ဧရိယာ ၀ ဒသမ ၀၈၂၈ဧကရှိ ဦးမျိုးမင်းဦး (ဘ) ဦးကျော်ဝင်း ၉/လဝန(နိုင်)၁၄၅၁၀၀ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်စိုးစိုးထက် (ဘ) ဦးတင်စိုး(ခ)တန်ကျင့်ရန် ၉/လဝန(နိုင်)၁၆၁၁၃၁မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၀၇၉၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးကြည်ထိန် အမည်ပေါက် ပါမစ်မြေကွက်အား ဦးသူရိန်ဦး(ဘ)ဦးကျော်စိန် ၁၂/မဂတ(နိုင်)၀၀၂၆၉၉မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၅၄/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
### နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ရုပ်သံကျွမ်းကျင် (၂) (တိုင်းရင်းသား) | (၅) | နေရာ |
| (ခ) | အသံလွှင့်ကျွမ်းကျင် (၂) (တိုင်းရင်းသား) | (၁၃) | နေရာ |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ (၂) | (၂၁) | နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၂၅-၃-၂၀၁၉)ရက်တွင် အသက် (၃၀) မကျော်ရ။

(ဂ) တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဃ) ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား)/ အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား) ရာထူး
(ကချင်၊ ကယား၊ ဂေဘား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝ၊ ကိုးကန့်၊ ပအိုဝ့်၊ ဓနု)အတွက်
- ပညာအရည်အချင်း ဘွဲ့ရဦးစားပေးမည်။ အနိမ့်ဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသားနိုင်ရမည်။

(င) သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်သူဖြစ်ရမည်။

(စ) အငယ်တန်းအင်ဂျင်နီယာ (၂) ရာထူးအတွက်
- ME/BE (EP/EC/IT/Mechanical/Mechatronics), B.Tech (EP/EC/IT/Mechanical), M.Sc, B.Sc (Physics), AGTI (EP/EC/IT/Mechanical)ဖြစ်ရမည်။

(ဆ) ကွန်ပျူတာ အခြေခံကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Audio/Video Editing ဘာသာရပ်များနှင့် မီဒီယာသင်တန်းတက်ရောက်ပြီးသူများ ဦးစားပေးမည်။

(ဇ) ကျန်းမာရေးကောင်းမွန်၍ အဆေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

(ည) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အထက်အပိုဒ် (၂)ပါ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေး စာမေးပွဲများ (ရေးဖြေနှင့် နှုတ်ဖြေ)ကို ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ ၂၅-၃-၂၀၁၉ရက်နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့သော်လည်းကောင်း၊ နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) ဒီပလိုမာ အောင်လက်မှတ်များရှိပါက မိတ္တူ

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

